# ပုဂံဘုရားပုထိုးများ



(ပထမတွဲ)

# ပုဂံဘုရားပုထိုးများ

(ပထမတွဲ)

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ ၄၀၀၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ဝေ၍
ဂျီ-တီ-စီ ပုံနှိပ်စက်ရုံတွင် အရောက်ခံ၍ ပုံနှိပ်သည်။

# အမှာ

ပုဂံသည် မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်ပါသည်။ ပုဂံသည် မြန်မာလူ့အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေကိုဆောင်သော ကြေးမုံလည်း ဖြစ်ပါသည်။ ပုဂံကို သမုဒ္ဒရာဇ်မင်းသည် အေဒီ ၁-ရာစု၌ ထူထောင် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ပုဂံသက်တမ်းမှာ အနှစ် ၂၀၀၀ ခန့် ရှိနေပြီဖြစ်သည်။

တိုင်းကျိုးပြည်ပြု မင်းတစ်ပါးဖြစ်သော အနော်ရထာမင်းကြီးသည် (အေဒီ ၁၀၄၄-၁၀၇၇) ပုဂံ၌ ထီးနန်းစိုးစံစဉ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်တော်မူခဲ့သည်။ ထို့အပြင် မင်းကြီးသည် မြန်မာနိုင်ငံသားတို့အဖို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပေးနိုင်သော စစ်မှန်သည့် ထေရဝါဒ ဗုဒ္ဓဘာသာကို ပြုစုမျိုးထောင်ကာ စည်ပင် ပြန့်ပွားစေခဲ့ပါသည်။

ပုဂံမြို့၏ အကျယ်အဝန်း (၄၂) စတုရန်း ကီလိုမီတာအတွင်း၌ မင်းနှင့်တကွ ပြည်သူများက စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံပေါင်းများစွာကို တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ ထိုဘိုးဘွားအမွေအနှစ်တို့သည် ပုဂံမြေအပြင်တွင် ထည်ထည်ဝါဝါ ရပ်တည်ကာ ရှေးရှေးက ပုဂံပြည်သူတို့၏ စေတနာ သဒ္ဓါတရား၊ လုံ့လ၊ ဝီရိယနှင့် စွမ်းရည်အမျိုးမျိုးဖြစ်သော ဗိသုကာပညာ၊ ဆေးရေးပညာ၊ ပန်းပုပညာ၊ ပန်းတမော့ပညာ စသည့် အနုပညာလက်ရာများစွာကို အတင့်အတယ် ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရဆဲဖြစ်ပါသည်။

ပုဂံရှိ ရှေးဟောင်း အမွေအနှစ် လက်ရာအမျိုးမျိုးကို ကမ္ဘာအရပ်ရပ်မှ လာရောက် လေ့လာခြင်း၊ သုတေသနပြု မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းစာအုပ်များ ပြုစုထုတ်ဝေခြင်း စသည်တို့ကို ပြုလျက်ရှိရာတွင် ကျွန်ုပ်တို့ အမွေခံ ပြည်သူများအဖို့လည်း ထိုအခွင့်အရေးကို လက်မလွှတ်တမ်း ရယူသင့်ပေသည်။ ထိုသို့မဟုတ်ပါမူ ကျွန်ုပ်တို့သည် ကြာပင်အောက်က ဖားသတ္တဝါနှင့် အလားတူနေမည်ကို စိုးရိမ်မိပါသည်။ ကြာပင်အောက်က ဖားသတ္တဝါသည် ကြာဝတ်ဆံကို မစားမူဘဲ ပိတုန်းတို့ကမူ အဝေးမှလာ၍ ကြာဝတ်ဆံကို စားနေကြချေသည်။

ဘိုးဘွား အမွေအနှစ်များကို မြတ်နိုးတတ်ခြင်းသည် မျိုးချစ်စိတ်ဓာတ်၏ အခြေအနေကို ပြခြင်းပင်ဖြစ်ပါသည်။ ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးကြကုန်သော မြန်မာနိုင်ငံသား အားလုံးကို ပုဂံရှိ ဘိုးဘွားအမွေအနှစ်များ ဖြစ်ကြသည့် ဘုရားပုထိုးများအကြောင်း ဗဟုသုတများရရှိစေရန် ပုဂံဘုရားပုထိုးများစာအုပ် (ပထမတွဲ)ကို ပြန်ကြားရေးဝန်ကြီးဌာနက ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။

စင်စစ် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ၊ ၁၈ ရက်နေ့ ညနေခင်းက မန္တလေးမြို့၊ နန်းတွင်းရတနာပုံ စည့်ရိပ်သာ မြက်ခင်းပြင်၌ကျင်းပသော ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဤအမှာစာ ရေးသားသူအား ပုဂံဘုရားပုထိုးများ ဓာတ်ပုံစာအုပ်ကို ကောင်းမွန်သေသပ်စွာ စီစဉ်ထုတ်ဝေရန် တာဝန်ပေးအပ်လိုက်ခြင်းက အစပြု၍ အချိန်ယူ ပြည့်ဆည်း ဆောင်ရွက်ခဲ့ရာမှ ဤဓာတ်ပုံစာအုပ် ဖြစ်မြောက်လာရပါသည်ဟု ဝန်ခံ ဖော်ပြအပ်ပါသတည်း။ ။


(သိန်းစိန်)


ဒုတိယဝန်ကြီး

ပြန်ကြားရေးဝန်ကြီးဌာန

၁၉၉၄ ခုနှစ်၊ ဇွန်လ၊ ၉ ရက်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြေပုံ




BAGAN
AYEYARWADY RIVER
AYEYARWADY RIVER
AYEYARWADY RIVER
NYAUNG-OO
WETKYI IN
LEYA
TAUNGBI
BAGAN
Ananda
Thiripyitsaya Hotel
MYINKABA
MINNANTHU
W. PWASAW
E. PWASAW
SCALE
REFERENCES
METALLED ROAD
UNMETALLED ROAD
CART TRACK
CITY WALL
PAGODA
TEMPLE

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အာနန္ဒာဂူဘုရားကြီး | ၃ |
| ၃။ | သဗ္ဗညုဘုရားကြီး | ၃၄ |
| ၄။ | ပုထိုးသားများဘုရား | ၅၈ |
| ၅။ | ကန်တော့ပလ္လင်ဘုရား | ၆၁ |
| ၆။ | မဟာဗောဓိဘုရား | ၆၉ |
| ၇။ | ရွှေဆံတော်ဘုရား | ၇၃ |
| ၈။ | မနူဟာဘုရား | ၇၇ |
| ၉။ | နန်းဘုရား | ၈၀ |
| ၁၀။ | မြင်းကပါဂူပြောက်ကြီးဘုရား | ၉၀ |
| ၁၁။ | အပယ်ရတနာဘုရား | ၁၀၀ |
| ၁၂။ | ရွှေဂူကြီးဘုရား | ၁၀၇ |
| ၁၃။ | ဓမ္မရံကြီးဘုရား | ၁၁၃ |
| ၁၄။ | ထီးလိုမင်းလိုဘုရား | ၁၂၀ |
| ၁၅။ | မင်္ဂလာစေတီဘုရား | ၁၃၀ |
| ၁၆။ | ပုဂံရှေးဟောင်းသုတေသနပြတိုက် | ၁၃၃ |

# နိဒါန်း

ပုဂံသည် သမိုင်းအထောက်အထားများအရ ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့ရာ မြန်မာတစ်မျိုးသားလုံး၏မြို့တော်ကြီးဖြစ်ခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။ ထိုကဲ့သို့မြန်မာနိုင်ငံ၏မြို့တော်ဟောင်းဖြစ်ခဲ့သဖြင့်လည်း ဘုရား၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်တို့မှာ လက်ညှိုးထိုးမလွဲ များပြားခဲ့ရပေသည်။

ဘုရားတည်သော ဒါယကာများသည် အများအားဖြင့် "အလှူတစ်ဖြာ ကျောက်စာတစ်ချပ်" ဟူသောစကားအရ ကျောက်စာများ ရေးထိုးစိုက်ထူခဲ့ကြသည်။ ကျောက်စာပထမပိုင်းတွင် ခုနှစ်သက္ကရာဇ်၊ တည်သူဒါယကာကို ဖော်ပြလေ့ရှိ၏။ ၄င်းပြင် ဘုရားဒါယကာသည် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ရောက်ချင်သောကြောင့် ဘုရားဆုကို လိုချင်သောကြောင့် ဂူပြု၏၊ ကုလားကျောင်းဝမ္မသာပြု၏ဟူ၍ မိမိပြုရခြင်း၏ အကြောင်းရင်းကိုဦးစွာဖော်ပြလေ့ရှိကြ၏။ ထို့နောက်မှတစ်ဖန် မိမိ၏ ကုသိုလ်ကောင်းမှုကို သာသနာငါးထောင် တည်ရစ်စိမ့်သောငှာ အထွေထွေ မွမ်းမံပြုပြင်ရန် လယ်၊ ယာများ လှူဒါန်းခြင်း၊ ထန်းဥယျာဉ်စသည် လှူဒါန်းခြင်း၊ တန်လင်းလှည်းစိမ့်သောငှာ၊ ပြုပြင်စောင့်ရှောက်စိမ့်သောငှာ ကျွန်သီးတော်များကို လှူဒါန်းကြောင်း မော်ကွန်းတင်လေ့ရှိ၏။

နောက်ဆုံးတွင် ၄င်း၏ကုသိုလ်ကောင်းမှုကို ချီးမြှင့်သူဖြစ်လျှင် "မိမိနှင့်ထပ်တူ ရကြပါစေသတည်း၊ ကုသိုလ်ကောင်းမှုကို ဖျက်ဆီးသောသူဖြစ်လျှင် အဝီစိအထဲ ငရဲသို့ကျရောက်ပါစေသတည်း" ဟူ၍ ကျိန်စာများဖြင့် အဆုံးသတ်လေ့ရှိကြသည်။

ပုဂံတွင် ကြီးမားသော ဂူဘုရားကြီးများကို မင်းများက တည်ထားခဲ့ပြီး တံတိုင်းနှစ်ထပ် ကာရံလေ့ရှိပါသည်။ အလတ်စားများကို မှူးမတ်ဗိုလ်ပါများက တည်လေ့ရှိသည်။ အလတ်စားနှင့် အသေးစား အဆောက်အအုံများကို သူဌေးသူကြွယ်နှင့် သာမန်အသည်သားများက တည်လေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂံတွင် အမြင့်မားဆုံးဖြစ်သော သဗ္ဗညုဂူဘုရားကြီးပေါ်မှ ပတ်ပတ်လည် လှည့်လည်ကြည့်လျှင် ပုဂံတစ်ဝိုက်ရှိ စေတီပုထိုးများအားလုံးကိုမြင်ရပြီး လက်ညှိုးထိုးမလွဲအောင် များပြားလှပေသည်။ ပုဂံဘုရားများ တည်ရှိရာဒေသသည် ဧရာဝတီမြစ်မှ တုရင်တောင်အထိလည်းကောင်း၊ တောင်ဘက်တွင် တွင်းရွာအထိလည်းကောင်း၊ အရှေ့ဘက်တွင် ကျောက်ဂူဥမင်ထိလည်းကောင်း ၁၉ စတုရန်းမိုင်အတွင်း ဘုရားများ မြောက်မြားစွာ တည်ရှိခြင်း ဖြစ်ပါသည်။

ဘုရားများ မည်မျှများပြားခဲ့သည်ကို တစ်ချိန်တစ်ခါက အစဉ်အလာ သံပေါက်မှတ်တမ်းတစ်ခု ထားခဲ့သည်မှာ "လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်း" ဟူ၍ ဖြစ်ပါသည်။ ၄င်းမှာ "လှည်းဝင်ရိုးသံ" သာ ကောက်ယူရပေမည်။ သံပေါက်၏ သဘောမှာ "အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုသာ" ဟူ၍ဖြစ်သည်။ အစ ၄ လုံးသာ ကောက်ယူသင့်ပါသည်။ တစ်ခုလုံးယူပါက လေးသန်းကျော်သွားမည်ဖြစ်ပြီး ဘုရားလေးသန်းကျော်အတွက် မြေနေရာ အနေအထားအရ မရှိနိုင်ပါ။ ပထမလေးလုံး ယူပါက ပုဂံဘုရား အရေအတွက် ၄၄၄၆ ဆူသာ ရှိရမည် ဖြစ်ပေသည်။

ထို့ပြင် အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်တွင် ပုဂံဘုရားများ ရေတွက်ရာ "ဝင်းဝင်းထိန်လျှံ" ပုဂံဘုရားပေါင်းဟူ၍ ဆိုပါသည်။ ၄င်းမှာ ၄၄၇၄ ဆူဖြစ်၍ ပထမ အရေအတွက်နှင့် နီးစပ်ပါသည်။

တစ်ဖန် ပုဂံခေတ်နောက်ကာလတွင် ပုဂံဘုရားအရေအတွက်နှင့်ပတ်သက်၍ အဆိုစကားတစ်ခု ရှိပြန်သည်မှာ ( မြတ်ဘုရားဆုရေ၊ ဖြူရွှေလှိုဝင်း၊ ပုဂံပြည် ဘယ်တိုင်းဌာနီမှ၊ စံမမီ လွန်ထင်ရှား၊ စောမုနီများ ) ဟူ၍ဖြစ်ပါသည်။ ၄င်းကိုလည်း ပဋိလောမနည်းအရ ပြောင်းပြန်လှန် ရေတွက်ပါက ၄၄၄၅ ဖြစ်သဖြင့် ပုဂံခေတ် သံပေါက်အဆိုနှင့် ကိုက်ညီနေပေသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှေးဟောင်းစေတီပုထိုးများကို မှတ်ပုံတင် စာရင်းသွင်း မှတ်တမ်းတင်ခဲ့ရာ "ကျောင်းကြီးအုတ်နီ" ဟူသော သင်္ကေတဖြင့် ၂၂၁၇ ဆူမျှရှိကြောင်း သိရသည်။

ဤမျှ စေတီပုထိုးများ များပြားသော်လည်း တစ်ဆူနှင့်တစ်ဆူမှာမတူ တစ်မူ ထူးခြားစွာ တည်ထားလေ့ ရှိပါသည်။ ခြွင်းချက်အားဖြင့် သုံးဆူတန်း၊ လေးဆူတန်း လောက်သာ တစ်ဆူနှင့်တစ်ဆူ တူလေသည်။ ပုဂံတွင် အဓိကအားဖြင့် ပုံစံနှစ်မျိုး ရှိပါသည်။ ဂင်းပိတ် (Solid) အဆောက်အအုံ အမျိုးအစားနှင့် လိုဏ်ဂူပါသော အဆောက်အအုံ နှစ်မျိုးနှစ်စား ရှိပါသည်။ ဆက်လက်ပြီး ထပ်မံ အမျိုးအစား ခွဲခြားပါလျှင် ၉ မျိုးမျှ လေ့လာတွေ့ရှိနိုင်ပါသည်။

၎င်းတို့မှာ –

၁။ စေတီလုံးများ ၂။ သိဟိုဠ်ပုံစေတီများ ၃။ တစ်ထပ်လိုဏ်ဂူ အဆောက်အအုံများ ၄။ နှစ်ထပ်၊ သုံးထပ်၊ လေးထပ် အဆောက်အအုံကြီးများ ၅။ မြေအောက်ဥမင်များ ၆။ တစ်ဆောင်တည်းတည်ထားသော ကုလားကျောင်းများ ၇။ ကျောင်းတိုက်ကြီးများ ၈။ ပိဋကတ်တိုက် ၉။ သိမ်များ စသည်တို့ ဖြစ်ပါသည်။

ပုဂံတွင် လူနေသော အဆောက်အအုံများမှာ သစ်ဝါးကိုသာ အသုံးပြုခဲ့သဖြင့် လုံးဝအကြွင်းအကျန် မရှိခဲ့ပေ။ နန်းတော်အဆောက်အအုံများပင် အောက်ပိုင်း အုတ်ရိုးပိုင်းသာကျန်ပြီး အပေါ်ပိုင်း သစ်သားအဆောက်အအုံများမှာ လုံးဝမကျန်ရှိတော့ပါ။ ၁၉၉၀ ပြည့်နှစ်တွင် ရွှေဂူကြီးဘုရားအနီးရှိ အောင်မြေကုန်း(ခေါ်) အုတ်ကုန်းကြီးကို တူးဖော်ကြည့်ရာ ယာယီအားဖြင့် နန်းတော်ရာဟု သတ်မှတ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် အစဉ်အလာအားဖြင့် အဆိုပါကုန်းကို ယနေ့ထက်တိုင် "အောင်မြေကုန်း" ဟူ၍ ခေါ်တွင်နေပေသည်။ ကျန်စစ်သားမင်း၏ နန်းတည်ကျောက်စာတွင် ၎င်း၏နန်းတော်ကို "ဗေယျဘုံမ်ရာဇဌာန်" ဟူ၍ပါရှိသဖြင့် ဗေယျဘုံမ်၏ အဓိပ္ပာယ်သည် အောင်မြေဟု အဓိပ္ပာယ်ရသဖြင့် အဆိုပါနေရာသည် ကျန်စစ်သားမင်းကြီး၏ နန်းတော်ဟူ၍ ယာယီအားဖြင့် သတ်မှတ်နိုင်ပါသည်။

သစ်သားတိုင်စိုက်သောကျင်းပေါင်း အတန်းလိုက် မြောက်မြားစွာ တွေ့ရပါသည်။ အချို့ကျင်းများနှင့် အုတ်ရိုးများမှာ နောင်းခေတ်မင်းများ တိုးချဲ့ဆောက်လုပ်ထားသောအရာများ ဖြစ်လေသည်။ ထူးခြားသည်မှာ တိုင်အောက်ခံကျောက်ပြား ဝိုင်းကြီးများ ကျင်းတိုင်းတွင် ကြွင်းကျန်နေပါသည်။ အချို့ကျင်းများအတွင်းတွင် ဆွေးမြေ့နေသော သစ်သားတိုင် အစအနများ တွေ့ရပါသည်။

ပုဂံတွင် သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရားတို့ကဲ့သို့ကြီးမားသော အဆောက်အအုံကြီးများပင် ဆောက်နိုင်ခဲ့ပေသည်။ နန်းတော်ကို ၎င်းတို့ထက် ကြီးမားခံ့ ညားထည်ဝါစွာ ဆောက်နိုင်ကြပေမည်။ သို့ရာတွင် ဘာသာရေး၊ သာသနာရေးကို အထူး အလေးပေးသည့်အနေဖြင့် သာသနာရေးဆိုင်ရာ အဆောက်အအုံနှင့် လူနေ အဆောက်အအုံများ မရောထွေးစေရန် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို အုတ်၊ ကျောက်တို့ဖြင့်သုံးပြီး ခွဲခြားသည့်အနေဖြင့် လူနေသည့် အဆောက်အအုံတို့အတွက် သစ်၊ ဝါးကိုသာ အသုံးပြုသည်ဟု ယူဆရပေသည်။

ပုဂံတွင် ကျောက်အဆောက်အအုံမှာ အလွန်နည်းပါးသည်။ လက်ရှိ ဘုရားပေါင်း နှစ်ထောင်ကျော်အနက် ၄ ဆူသာ တွေ့ရပါသည်။ ၎င်းတို့မှာ–

၁။ ရွှေစည်းခုံဘုရား
၂။ နန်းဘုရား
၃။ ကျောက်ဂူဥမင်နှင့်
၄။ စက္ကူတိုက် (ခေါ်) ပိဋကတ်တိုက် အဆောက်အအုံ (တုရင်တောင်ခြေ မြကန်အနီး)တို့ ဖြစ်ပါသည်။

# အာနန္ဒာဂူဘုရားကြီး

"မြန်မာမှန်လျှင်ပုဂံရောက်ဖူးသင့်လှသည်။ ပုဂံရောက်လျှင် အာနန္ဒာရောက်မှ ပုဂံရောက်သည်မည်၏" ဟူသောစကားတစ်ခုရှိသည်။

အာနန္ဒာဘုရားသည် ပြတိုက်ကြီးနှင့်တူ၏။ လက်ရာမျိုးစုံကို ဤဘုရားတွင် လေ့လာနိုင်၏။ ဗိသုကာလက်ရာ ကျောက်ဆစ်(ပန်းတမော့)လက်ရာ၊ အင်္ဂတေပန်း(ပန်းတော့)လက်ရာ၊ စဉ့်ကွင်းလက်ရာ၊ သစ်သားပန်းပုလက်ရာ၊ ပန်းပဲလက်ရာ စသည်ဖြင့် လက်ရာမျိုးစုံကို လေ့လာနိုင်ပါသည်။

အာနန္ဒာဂူဘုရားကြီး၏ အမည်နှင့်ပတ်သက်၍ သုံးမျိုး ယူဆနေကြပါသည်။

၁။ ကျန်စစ်သားမင်းကြီးသည် ရဟန္တာရှစ်ပါးအား ကျောင်းမှုတော် တည်လိုသဖြင့် ပုံသဏ္ဌာန်ကို မည်ကဲ့သို့ တည်ဆောက်ရမည်ဟူ၍ လျှောက်ထားသောအခါ ဟိမဝန္တာရှိ နန္ဒာမူလိုဏ်ဂူပုံစံကို ရဟန္တာရှစ်ပါးက ဖန်ဆင်း၍ ပြလေသဖြင့် ထိုနန္ဒာမူလိုဏ်ဂူပုံစံအတိုင်းတည်ရာ နောင်အခါတွင် နန္ဒာမူမှ နန္ဒာ၊ နန္ဒာမှ အာနန္ဒာပြောင်းလဲခေါ်ဝေါ်လာကြောင်း အစဉ်အလာ မှတ်သားရပါသည်။

၂။ အခြားအဆိုတစ်ခုမှာ အနန်(ဒ်)ဟူသော သသံကရိုက်အဆိုမှာ အလွန်လှပသောဟူ၍ အဓိပ္ပာယ်ရှိပါသည်။ အနန်(ဒ်)မှ အာနန္ဒာဖြစ်ဖွယ်ရှိသည်ဟု အချို့ယူဆကြပါသည်။

၃။ အချို့ကလည်း အနန္တပညာဟူသော ပါဠိစကားမှာ ပညာအရာတွင် အဆုံးမရှိဟူ၍ အဓိပ္ပာယ်ရှိပြီး မူလ အနန္တပညာမှ အာနန္ဒဟူ၍ ကာလကြာသောအခါ ဖြစ်သွားနိုင်သည်ဟု ယူဆကြပါသည်။

မည်သည့်နာမပင် ဖြစ်စေကာမူ မူလကျောက်စာမှာ မတွေ့ရှိသေး၍ အမည်မှန်ကို တပ်အပ်သေချာ မပြောနိုင်သေးပါ။ သို့ရာတွင် အာနန္ဒာဟူသော အဆိုသည် အစဉ်အလာအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် မှတ်သားလာခဲ့ကြသော အမည်ဖြစ်လေသည်။

အာနန္ဒာဘုရားကြီးကို ကောဇာသက္ကရာဇ် ၄၅၂ ခု၊ ခရစ်သက္ကရာဇ် ၁၀၉၁ တွင် ထီးလှိုင်ရှင် (ခေါ်) ကျန်စစ်သားမင်း (ခေါ်) ဤြတြိဘုဝနာဒိတျာဓမ္မရာဇာ (ခေါ်) ကျက်သရေရှိသော လောကသုံးပါး၌ နေကဲ့သို့ တောက်ပသော တရားမင်းကြီး တည်ထားခဲ့ပါသည်။

## ဗိသုကာလက်ရာများ

ခေတ်သစ် ရှေးဟောင်းသုတေသီတို့၏ အဆိုအရ အာနန္ဒာဘုရားကြီး၏ မျက်ပုံစံမှာ အရှေ့ဘင်္ဂလားပြည်နယ် (ယခု ဘင်္ဂလားဒေ့ရှ်) ရှိ "ပါဟာပူ" စေတီနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အနောက်ဘက်ရှိ ဒွါရာဝတီမြို့ဟောင်းအနီးမှ "နခွန်ပထွန်" စေတီနှင့် ဆင်တူကြောင်း သိရှိရသည်။

ဂူဘုရားကြီး၏ ပန္နက်ပုံမှာ အာရုံခံလေးဖက်၌ ကြက်ခြေခတ်သဏ္ဌာန်ဖြစ်ပြီး ပုဂံတွင်ရှိသော ဘုရားများအနက် နှစ်ဆူသာရှိသည်။ ၎င်းနှစ်ဆူအနက် ဓမ္မရံကြီးဘုရားတစ်ဆူလည်း အပါအဝင်ဖြစ်ပြီး ကျန်စစ်သားမင်းကြီး၏ မြစ်တော်ဖြစ်သော နရသူမင်းက ဘိုးတော်တည်ထားသော အာနန္ဒာဘုရား၏ ပန္နက်ပုံကို အတုယူ၍ တည်ဟန် လက္ခဏာရှိပါသည်။ သို့ရာတွင် အကြောင်းတစ်ခုခုကြောင့် ဓမ္မရံကြီးဘုရားမှာ အတွင်းလိုဏ်ပတ်လမ်းကို ပြန်ပိတ်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ဘုရား၏ အကျယ်အဝန်းမှာ တစ်ဖက်ထိပ်မှ တစ်ဖက်ထိပ်အထိ ၂၈၃ ပေ ရှိပါသည်။ အမြင့်မှာ အောက်ခြေမှ ကြာမှောက်ကြာလှန်ထိ ၁၆၈ ပေ ရှိပါသည်။ တံတိုင်းအကျယ်အဝန်းမှာ အရှေ့အနောက် ၅၉၆ ပေ၊ တောင်မြောက် ၅၉၂ ပေ ရှိသည်။

အာနန္ဒာဘုရားနှင့်ပတ်သက်၍ အဆိုတစ်ခုရှိသည်မှာ [illegible] မှန်ပေါင်း တစ်သောင်း [illegible] သုံးမြောင်းဟူ၍ ဆိုပါသ [illegible]

တံတိုင်းပတ်လည်တွင် စေတီငယ်များရှိပါသည်။ အတွင်းလိုဏ်မုခ်ကပ်များတွင်လည်း စေတီပုံ ပေါက်ထားပါသည်။ အပေါ်တွင်လည်း စေတီရံများ ရှိပါသည်။

မုခ်ပေါင်း တစ်ထောင်မှာ ကွမ်းထောင်လေးမျက်နှာတွင်ရှိသော မုခ်ကပ်ချိုင့်များ အပါအဝင် စကြံပတ်လမ်းနှစ်ခု ဝဲယာနံရံရှိ မုခ်ကပ်များနှင့် အာရုံခံလေးဖက်အတွင်းပတ်လည်ရှိ မုခ်ကပ်အချိုင့်များ အပါအဝင် မုခ်တစ်ထောင်ကျော်ရှိပါသည်။ ၎င်းမုခ်ကပ်များမှာ ပုံတင်သံမကြားရအောင် ဖန်တီးထားသကဲ့သို့ဖြစ်နေပေသည်။ လမ်းသုံးမြောင်မှာ အတွင်းဆုံးပတ်လမ်းသည် ရဟန်းသံဃာများ အတွင်းလှည့်ပတ်၍ ပူဇော်ရန်ဖြစ်ပြီး၊ အလယ်မှာ မင်းညီမင်းသား လူတန်းစားအတွက်ဖြစ်သည်။ အပြင်ဆုံးပတ်လမ်းဖြစ်သော အာရုံခံများကိုဖြတ်၍သွားသော ပတ်လမ်းမှာ သာမန်လူပုဂ္ဂိုလ်များ လှည့်လည်ဖူးမြော်ရန် ဖြစ်ပါသည်။

ဗိသုကာလက်ရာနှင့်ပတ်သက်၍ လေဝင်လေထွက် ကောင်းစေရန် စီမံပြုလုပ်ထားသည်မှာ လက်ရာထူးခြားပါသည်။ မတ်ရပ်ဆင်းတုတော်ကြီးလေးဆူ၏ မျက်နှာတော်များဆီသို့ ပေးထားသော ရောင်လင်းပေါက်များကို သေချာစွာ ပြုလုပ်ထားပါသည်။

၎င်းပြင် မုခ်ကပ်များအတွင်းရှိ ဆင်းတုတော်များသို့လည်း နံရံသုံးဖက်ကိုဖြတ်၍ ၁၀၈ ပေ အကွာမှ အတွင်းသို့ အလင်းရောင်ပေးထားသည်မှာ တစ်မျက်နှာလျှင် အထက်မုခ်ကပ်၊ အောက်မုခ်ကပ်ပါ ၈ နေရာတွင် ပေးထားပါသည်။

ထိုမှအပ အတွင်းစင်္ကြံ၊ အပြင်စင်္ကြံတို့သို့ မီးထွန်းရန် မလိုဘဲ အထက်အောက်ပြတင်းများမှ ပေးထားသည်မှာ အလင်းရောင်သာမက လေဝင်လေထွက်ကောင်းအောင် ဖန်တီးထားသည်မှာ ချီးကျူးအံ့သြဖွယ်ကောင်းလှပေသည်။

ကွမ်းထောင်လေးမျက်နှာတွင် မုခ်ကပ်အချိုင့် ၅ ခုစီ ပြုလုပ်ထားခြင်းနှင့် အမိုးခုံးလျှောကြီးတို့ ပြုလုပ်ထားခြင်းတို့မှာ ပုဂံခေတ်ဦးပိုင်း ဗိသုကာလက်ရာများကို ဖော်ညွှန်းနေပေသည်။ •

ပုဂံအာနန္ဒာဘုရားသည် ပုဂံတွင် ဗိသုကာလက်ရာ အကောင်းဆုံး ဖြစ်ပါသည်။ ၁၉၇၅ ခု မြေငလျင်လှုပ်သဖြင့် အပေါ်ပိုင်း ကွမ်းထောင်အထက်ရှိ သေးသွယ်သော အထွဋ်စေတီနှင့် သေးသွယ်သော စေတီရံများမှအပ အားလုံး နံရံထောင့်များ ကွဲအက်ပျက်စီးခြင်း မရှိပါ။

ဗိသုကာလက်ရာ ထူးခြားချက်တစ်ခုမှာ ယခင်ငလျင်မလှုပ်မီက မသိခဲ့ဖူးသော လက်ရာ ဖြစ်ပါသည်။ ၎င်းမှာ ငလျင်လှုပ်သဖြင့် အင်္ဂတေ ပလတ်စတာအချို့ကွာကျရာမှ ပေါ်ထွက်လာသော သပ်လျှိုပေါင်းကူးများမှ သံကျောက်များကို အုတ်ရိုးများကြားတွင် တစ်လှည့်စီ ထည့်စီထားသည်ကို တွေ့ရပါသည်။ အဆိုပါလက်ရာများကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် အလို့ငှာ ချန်လှပ်ထားခြင်း ဖြစ်ပါသည်။ ပေါင်းကူးများသာမက နံရံထောင့်များတွင်လည်း ၄ ပေခြား၊ ၅ ပေခြားတွင် ကျောက်တုံးများကို ကျင်တွယ်ပုံထွင်းပြီး ရေရှည်ခိုင်မာအောင် ကြံ့ခိုင်ရေးအဖြစ် ထည့်သွင်းအသုံးပြုထားသည်ကို တွေ့ရသည်။

ထို့အပြင် စင်္ကြံပတ်လမ်း မျက်နှာကြက်ထောင့်ကြီးများ ပိုမိုတောင့်တင်းစေရန် အတွင်းနှင့် အပြင်နံရံ တွဲဆက်ပေးသည့်အပြင် အထက်ပေါင်းကူးကိုလည်း ပင့်ထောက်ထားသော ထောင့်တစ်ထောင့်လျှင် ပေါင်းကူးခုံးကြီးနှစ်ခုဖြင့် အားဖြည့်ပေးထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

## စဉ့်အနုပညာလက်ရာများ

စဉ့်အနုပညာလက်ရာများမှာ ပုဂံတွင် စဉ့်အနုပညာလက်ရာရှိသော ဘုရားများအနက် ဤဘုရားကြီးတွင် အကောင်းဆုံးလက်ရာများ ရှိပါသည်။ အစဉ်အဆက် ရဟန်းရှင်လူဒါယကာအဖွဲ့များက စောင့်ရှောက်လာခဲ့ကြသဖြင့်လည်း စဉ့်အနုပညာလက်ရာများ အားလုံးလိုလိုအကောင်းကျန်ရှိပါသည်။ အထူးသဖြင့် မှုလက အပေါ်သို့ တက်ရန် လှေကား မဖန်တီးခဲ့သဖြင့် လက်ရာများ မူရင်းအတိုင်း မပျက်မစီးကျန်ရစ်ခဲ့ပါသည်။ အောက်ခြေတစ်လျှောက်တွင်မူ လူများလက်နှင့်ကိုင်သဖြင့် စဉ့်သားကွာမှု များပြားပါသည်။

စဉ့်လက်ရာအစုံဆုံး ဘုရားတစ်ဆူ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အောက်ခြေပတ်လည်မှန်ကွက်များတွင် တောင်မုခ်မှ အနောက်မုခ်အထိ မာရ်နတ်စစ်သည် ချီတက်ခန်းပုံနှင့် အနောက်မုခ်ဝဘေးမှ မြောက်မုခ်ဝဘေးအထိ မာရ်နတ်စစ်သည်များ မြတ်စွာဘုရား၏ တန်ခိုးတော်ဖြင့်ရှုံး၍ထွက်ပြေးဟန်များ သရုပ်ဖော်ထားသည်။ အဆိုပါစဉ့်ကွက်များ၏ အောက်ခြေတွင် စာတန်းများ ပါရှိသည်။

မာရ်နတ်ဗိုလ်များစီးသော တိရစ္ဆာန်ပုံများမှာ ဆင်၊ ကျား၊ မြင်း၊ ခြင်္သေ့၊ ကုလားအုတ်၊ မကရ်း၊ ဗျာလ၊ သမင်၊ ဒရယ်၊ ငှက် စသော တိရစ္ဆာန်ပုံအမျိုးစုံကို စီးကြပါသည်။ မြန်မာနိုင်ငံတွင် ကုလားအုတ် မရှိသော်လည်း မာရ်နတ်ဗိုလ်များစီးသော တိရစ္ဆာန်များအနက် ကုလားအုတ်ပုံ ၅ ပုံ ပါရှိပါသည်။

မြောက်ဘက်မုခ်မှ အရှေ့မုခ်အထိနှင့် တောင်ဘက်မုခ်မှ အရှေ့ဘက်မုခ်အထိ အောက်ခြေတစ်လျှောက်တွင် ဘုရားအား ပူဇော်ရန် လာရောက်ကြသော ယက္ခသေနာပတိများ၊ အသူရာများ၊ ဂဠုန်များ၊ နဂါးများ၊ နတ်သားနတ်သမီးများ၊ ဗြဟ္မာသိကြားတို့သည် အလံတံခွန်၊ အင်ဖျဉ်၊ ချွန်းတောင်း၊ ကလသာအိုး၊ တံခါးမုခ်တိုင်၊ ငါးကြင်းပွတ်နစ်ကောင်၊ ဘဒ္ဒပီဌ၊ သိရိဝစ္ဆ၊ ကြေးမုံ၊ သားမြီးယပ်၊ ထမင်းပွဲ စသည့် အမျိုးမျိုးကိုင်ဆောင်လျက် ပူဇော်ရန်လာကြဟန်ပုံများဖြင့် တန်ဆာဆင်ထားပါသည်။

အောက်နှင့်အထက်ကို စိန့်တန်းများတွင် ရုပ်ပုံမပါသော စဉ့်သုတ်ချပ်များဖြင့်လည်း နေရောင်တွင် ရောင်ပြန်ဟပ်၍ တောက်ပနေစေရန် တန်ဆာဆင်ထားပါသည်။

အပေါ်ပစ္စယာအဆင့်ဆင့်တွင်လည်း ပထမပစ္စယာ အနောက်တောင်ထောင့်တွင် အပဏ္ဏကဇာတ်မှစ၍ ဒုတိယ ပစ္စယာ မြောက်ဘက်မျက်နှာအထိ ဇာတ်ငယ် ၅၃၇ ဇာတ်ကို တစ်ကွက်လျှင်တစ်ဇာတ်၊ မြေမီးဖုတ် အစိမ်းရောင်စဉ့်သုတ် ဇာတ်ရုပ်ချပ်များမှာ လက်ရာအကောင်းအတိုင်းကျန်ရှိနေပါသေးသည်။ ဒုတိယ ပစ္စယာ မြောက်ဘက်မျက်နှာမှစ၍ တေမိဇာတ်မှစပြီး ဝေဿန္တရာဇာတ်အဆုံး ပဉ္စမပစ္စယာအထိ အသေးစိတ် ဇာတ်ကြီးဆယ်ဘွဲ့ကို သရုပ်ဖော်သည့် စဉ့်စိမ်းရောင် ဇာတ်ရုပ်ချပ်များဖြင့် တန်ဆာဆင်ထားပါသည်။

ဇာတ်ကွက်များ၏ အောက်ခြေတွင် ဇာတ်အမည်နှင့် ဘုရားလောင်းဘဝ၊ ဇာတ်နံပါတ် စသည်တို့ ပါရှိပါသည်။ အပေါ်ပစ္စယာငါးဆင့်နှင့် အာရုံခံလေး ဖက်အမိုးတစ်ဖက်တစ်ချက်ရှိ စဉ့်သုတ်အုတ်ချပ်များကို လေ့လာပါက နှစ်ရက်ခန့် လေ့လာမှ ပြီးပြည့်စုံမည်ဖြစ်ပါသည်။

## ကျောက်ဆစ်အနုပညာလက်ရာများ

အပြင်စင်္ကြံပတ်လမ်းအတွင်းတွင်ရှိသော ကျောက်ဆစ်လက်ရာများမှာ ပုဂံတွင် အကောင်းဆုံး ပန်းတမော့လက်ရာများ ဖြစ်ပါသည်။ အထူးသဖြင့် အဝိဒူရေ ဗုဒ္ဓဝင်ခန်း အခန်း ၈၀ မှာ လက်ရာအလွန်ကောင်းပါသည်။ ဗျမ်းမျှအမြင့် ၃ ပေ ၆ လက်မ၊ ဗြက် ၂ ပေ ၅ လက်မ၊ ထု ၁ ပေ ရှိပါသည်။

သဲကျောက်တစ်လုံးတည်းသားများကို ထွင်းထုထားခြင်း ဖြစ်သည်။ အနောက်မုခ် သစ်သားတံခါးကြီး၏ မြောက်ဘက်အောက်တန်းမုခ်ကပ်အချိုင့်ရှိ သေတကေတုနတ်သားဘဝပုံမှစ၍ သိဒ္ဓတ္ထမင်းသား တောမထွက်မီ ယသော်ဓယာနှင့် ရာဟုလာအား ကြာခြည်လှစ်၍ ကြည့်ခန်းထိ အခန်းပေါင်း ၄၀ ပါရှိသည်။

အပေါ်တန်းမှာ အနောက်ဘက် သစ်သားတံခါးကြီး၏ မြောက်ဘက်မှစ၍ ဘုရားဖြစ်တော်မူသည်အထိ အခန်းပေါင်း ၄၀၊ စုစုပေါင်း အဝိဒူရေ ဗုဒ္ဓဝင်အခန်း ၈၀ ကို သရုပ်ဖော် ထွင်းထုထားသော ကျောက်ဆစ်လက်ရာများမှာ လက်ရာအလွန်မြောက်လှပေသည်။ အဆိုပါအခန်း ၈၀ အနက် အခန်း ၄ ခန်းမှာ ပျက်၍နှောင်းခေတ်လူများ ဖြစ်ကတတ်ဆန်း ပြင်ထားသည်မှအပ မူလလက်ရာအားလုံးမှာ လက်ရာအလွန် ကောင်းပါသည်။

အာရုံခံများ အတွင်းပတ်လည်ရှိ အချိုင့်များတွင် ဗုဒ္ဓဝင်ရှစ်ခန်း သရုပ်ဖော် ကျောက်ဆစ်လက်ရာများမှာလည်း လက်ရာကောင်းလှပေသည်။ အတွင်းစင်္ကြံပတ်လမ်း ဝဲယာ၊ အပြင်စင်္ကြံပတ်လမ်းမှ အတွင်းနံရံနှင့် မတ်ရပ်ဆင်းတုကြီး ဝဲယာ

တို့၌ မုခ်ကပ်ပေါင်းတစ်ထောင်ကျော်ရှိရာ အချို့မှာသုတ်၊ဝိနည်း၊အဘိဓမ္မာ ဟောကြားနေဟန် ဗုဒ္ဓဆင်းတုပုံများကို သဲကျောက်များဖြင့် ထွင်းထုသရုပ်ဖော်ထားပါသည်။ ၎င်းတို့အနက် လက်အနေအထားမှာ မုဒြာဟန်အမျိုးမျိုး ပါရှိပါသည်။

အနောက်ဘက်မျက်နှာ မတ်ရပ်ဆင်းတုကြီး၏ တောင်ဘက်အခြေရှိ ကျောက်တစ်လုံးတည်းဖြင့် ထုလုပ်ထားသော ရုပ်တုမှာ အစဉ်အလာအားဖြင့် မှတ်သားခေါ်ဝေါ်လာခဲ့ကြသော ကျန်စစ်သားမင်းကြီး၏ပုံ ဖြစ်သည်။ အဆိုပါ ကျန်စစ်သားမင်းကြီး နောက်ကျောဘက်တွင် အလွန်လှပသော ကျောက်ပန်းခက်ကြီးများကို ထွင်းထုထားသည်မှာ လက်ရာကောင်းလှပါသည်။ ကျန်စစ်သားမင်းကြီးနှင့်မျက်နှာချင်းဆိုင်ပုံတော်မှာ ပုဂံတွင် စစ်မှန်သော ဗုဒ္ဓဘာသာကို ပြောင်းလဲပေးခဲ့သော ကျေးဇူးရှင် ရှင်အရဟံ၏ ပုံတော်ကြီး ဖြစ်ပါသည်။

၎င်းပြင် ကွမ်းထောင်မျက်နှာပြင် တစ်မျက်နှာလျှင် မုခ်အချိုင့် ၅ ခုစီနှင့် စေတီရံများအတွင်းရှိ မုခ်ကပ်အချိုင့်များတွင်လည်း ကျောက်ဆစ်လက်ရာ ဗုဒ္ဓဆင်းတုပုံများ ရှိပါသည်။

## နံရံဆေးရေးပန်းချီ

မူလကအာရုံခံနံရံများတွင် နံရံပြည့်မျှ နံရံဆေးရေးပန်းချီများ ရေးဆွဲခဲ့သည်။ ၁၉၆၈ခုနှစ်တွင်ရှေးဟောင်းသုတေသနဦးစီးဌာနနံရံပန်းချီဖော်ထုတ်ထိန်းသိမ်းရေးဌာနစုမှ မြောက်ဘက်အာရုံခံအတွင်း တိုင်မကြီးလေးတိုင်အနက် အနောက်တောင်ထောင့်တိုင်မကြီးတွင် စတင်စမ်းသပ် ဖော်ထုတ်ခဲ့ရာ ဗုဒ္ဓဝင်ဇာတ်ကွက်များ ပေါ်လာခဲ့ပါသည်။ ၎င်းပြင် အရှေ့ဘက် အာရုံခံအတွင်း မတ်ရပ်နတ်ရုပ်ကြီး၏ မြောက်ဘက်နံရံနှင့် မျက်နှာကြက်တို့၌ ဗုဒ္ဓရုပ်ပွားပုံကြီးများနှင့် ရဟန္တာပုံများ၊ ကြာပွင့်ကြီးများ ပေါ်လာခဲ့ပါသည်။ ၎င်းအရှေ့ဘက်အာရုံခံအတွင်း အခြားသော နေရာတို့၌လည်းထုံးများ၏အောက်တွင် ရေးရေးမျှမြင်နေရသော မူလနံရံဆေးရေးပန်းချီများကို မြင်နေရပေသည်။

အနောက်ဘက်မုခ်ဝနံရံတွင်လည်း ဆေးရေးပန်းခက်ကြီးများ ပေါ်လာပေသည်။ နောင်အခါတွင် ထုံးများကိုခွာ၍ မူလနံရံပန်းချီများကို ဖော်ထုတ်ရန် ရည်ရွယ်ချက် ရှိပါသည်။

## အင်္ဂတေပန်းတော့လက်ရာ

ဤအာနန္ဒာဂူဘုရားကြီးတွင် အင်္ဂတေပန်းတော့လက်ရာများကိုလည်းတွေ့နိုင်ပါသည်။ အပြင်စင်္ကြံပတ်လမ်းနှင့် အတွင်းစင်္ကြံပတ်လမ်းကြားနံရံတွင် အလင်းရောင် အတွင်းသို့ပေးသော မှန်များ၏ အထက်တွင် အင်္ဂတေတံကဲများမှာ မူလလက်ရာများ ဖြစ်ပါသည်။ ၎င်းပြင် အာရုံခံလေးဖက်အတွင်းရှိ မတ်ရပ်နတ်ရုပ်ကြီး ရှစ်ရုပ်၊ အဝင်ဝရှိ ဒွါရပါလနတ်ရုပ်ကြီးများ၊ မတ်ရပ်ကိုယ်တော်ကြီးများ၏ ပလ္လင်မုခ်ကပ်များအတွင်းတွင်လည်း ခြင်္သေ့ရုပ်များ၊ စကြဝတေးနတ်မင်းပုံများမှာလည်း အင်္ဂတေပန်းတော့လက်ရာများ ဖြစ်ပါသည်။ အဝင်မုခ်တံကဲကြီးများမှ မကရုံပုံကြီးများ၊ တိမ်ခံနတ်ရုပ်ပုံကြီးများမှာလည်း အင်္ဂတေပန်းတော့လက်ရာများ ဖြစ်ပါသည်။

## သစ်သားပန်းပုလက်ရာ

နှစ် ၉၀၀ ကျော်မှ သစ်သားတံခါးရွက်ကြီး ၈ ရွက်မှာ မူလလက်ရာအတိုင်း ကျန်ရှိပါသေးသည်။ သို့ရာတွင် ဘုရင့်နောင် မင်းတရားကြီးမှ ပန်းခက်များနှင့် တိုးနရားရုပ်များကို ထပ်မံတန်ဆာဆင်ထားကြောင်း သိရပါသည်။

တံခါးကြီးများကို အပေါ်ထိန်းသော သံကွင်းကြီးများမှာ မူလသံကွင်းကြီးများ ဖြစ်ပြီး ကြက်ခြေပုံ မြောင်းထွင်းထားသောကျောက်ပြားကြီးနှစ်ပြားဖြင့် ညှပ်ထားပါသည်။ ကြက်ခြေပုံကန့်လန့်ဖြတ်ထွင်းထားခြင်း၏ ရည်ရွယ်ချက်မှာ တံခါးကြီးများ အပိတ်အဖွင့်တွင် ရှေ့သို့ထွက်မလာစေရန် ဖြစ်ပါသည်။ သံကွင်းကြီးများမှာလည်း အထက်တွင် လေးဖက်လေးမျက်နှာ တွယ်ထားပါသည်။

တံခါးကြီးများ၏ အဝိက တံခါးတိုင်၏အောက်တွင် သံကျောက်ခွက်ကြီးများ ပေါ်တွင် ဆုံလည်ပြုလုပ်ထားပါသည်။ တံခါးရွက်ကြီးများပိတ်ရာတွင်ရှေ့သို့ကျော်

လွန့်ထွက်မသွားစေရန် တံခါးခုံကျောက်ခေါ် ကျောက်တစ်တုံးတည်း ကျောက်တုံးရှည်ကြီးများ ခံထားလေ့ရှိပါသည်။

လေးမျက်နှာ မတ်ရပ်ကိုယ်တော်ကြီးလေးဆူမှာလည်း အချိုးအစား ပြေပြစ်စွာ ထွင်းထုထားသောသစ်သားပန်းပုလက်ရာကြီးများဖြစ်ပါသည်။ တောင်ဘက်မျက်နှာနှင့် မြောက်ဘက်မျက်နှာ မတ်ရပ်ဆင်းတုကြီးနှစ်ဆူမှာ မူလလက်ရာများဖြစ်ပါသည်။ ၎င်းမူလလက်ရာ မတ်ရပ်ကိုယ်တော်ကြီးနှစ်ဆူအနက် တောင်ဘက်မတ်ရပ်ကိုယ်တော်ကြီးမှာ မပြုမပြင် မူလလက်ရာအတိုင်း ကျန်ရှိနေပါသည်။ မြောက်ဘက် မတ်ရပ်ကိုယ်တော်ကြီးမှာ မူလလက်ရာဖြစ်သော်လည်း တရားဟောနေဟန် လက်အနေအထားမှာ နောင်ခေတ် ပြုပြင်ထားခြင်းဖြစ်ပါသည်။ နမူးသင်းကျစ်နှင့် မှန်စီရွှေချလက်ရာများမှာ မကြာသေးမီက ကောဇာသက္ကရာဇ်၁၂၆၅ ခုနှစ်က ဖြစ်ပါသည်။

မတ်ရပ်ကိုယ်တော်ကြီးလေးဆူမှာ ယခုဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူလေပြီးသော ဘုရားလေးဆူပုံတော်ဖြစ်ပြီး အစဉ်အလာအရ မှတ်သားပြောဆိုလာခဲ့ကြသည်မှာ မြောက်ဘက်မျက်နှာတွင် စကားသားဖြင့် ထုလုပ်သော ကကုသန်ဘုရား၊ အရှေ့မျက်နှာတွင် မူလက စန္ဒကူးသားဖြင့် ထုလုပ်သော ဂေါဏဂုံဘုရား၊ တောင်ဘက်မျက်နှာတွင် ထင်းရှူးသားဖြင့် ထုလုပ်သော ကဿပဘုရား၊ အနောက်ဘက်ဘုရားမှာ မူလက ပဉ္စလောဟာဖြင့်ပြီးသော ဂေါတမဘုရားတို့ဖြစ်သည်ဟု ဆိုပါသည်။ အရှေ့ဘက်မျက်နှာတွင် မာလာယုကျွန်းမှ လက်ဆောင်ပဏ္ဏာရသော စန္ဒကူးသားကို ထုလုပ်ထားသော မူလလက်ရာကို ဆိမ်းပူဇော်ရာမှ မီးသင့်သွားသဖြင့် မင်းတုံးမင်းလက်ထက်တွင် ပုဂံမြို့ဝန် ဦးဖိုးက ကျွန်းသားဖြင့် အစားထိုးထားသည်ဟုဆိုသည်။ အနောက်ဘက်မျက်နှာမှာ မူလက ရွှေ၊ငွေ၊ကြေးသလွပ်၊ သလွဲမဲ သတ္တုငါးမျိုးဖြင့် ပဉ္စလောဟာ ဆင်းတုကြီးဖြစ်သည်။ ပုဂံပျက်ပြီးနောက်အဆိုပါ ပဉ္စလောဟာဆင်းတုတော်ကြီးကို ရွှေငွေလိုချင်သဖြင့်ဖိုကျင်ထိုးပစ်သည်ဟု ဆိုပါသည်။ ယခု အောက်ခြေကြာပလ္လင်သာ ပဉ္စလောဟာလက်ရာ ကျန်သည်ကို လေ့လာတွေ့ရှိရပါသည်။

အဆိုပါ ပဉ္စလောဟာဆင်းတုတော်ကြီးနေရာတွင် လွန်ခဲ့သောနှစ်တစ်ရာခန့်က ပုဂံမြို့ ကုန်သည်ကြီး ဦးစံငြိမ်းမှ အစားထိုးထားသည်ဟု ဆိုသည်။ အဆိုပါ မတ်ရပ်ဆင်းတုတော်ကြီးလေးဆူအနက် မူလလက်ရာဖြစ်သော တောင်ဘက်နှင့် မြောက်ဘက် မတ်ရပ်ကိုယ်တော်ကြီးနှစ်ဆူမှာ သစ်သားတစ်လုံးတည်း ထွင်းထုထားသည်ဟုဆိုသည်။ ၎င်းမူလဆင်းတုကြီးနှစ်ဆူ၏ ထူးခြားချက်မှာ အနီးမှ ဖူးမြော်လျှင် မျက်နှာတော်တည်ကြည်ပြီး အာရုံခံဘက်သို့ဆုတ်၍ အဝေးမှဖူးမြော်လျှင် မျက်နှာတော်မှာ သိသိသာသာ ပြောင်းလဲပြီး ပြုံးနေသည်ကို ဖူးမြော်တွေ့ရှိရမည်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရ ရန်ပုံငွေ ၉၀၀၀၀ဝိ ကျခံသုံးစွဲ၍ ပြုပြင်ခြင်းလုပ်ငန်း**

၁၉၇၅ခု၊ ငလျှင်လှုပ်သဖြင့် အထွဋ်စေတီနှင့် စေတီရံအပေါ်ပိုင်းပြုပြင်ခြင်း။

ကွမ်းထောင်ပိုင်းတွင်အအက်အကွဲများဖြစ်ပေါ်သဖြင့်နောင်နှစ်ပေါင်းများစွာ အခွန့်ရှည် ခိုင်မာစေရန် ရည်သန်၍ အလေးချိန် တန် ၂၀၀ လျော့သွားစေရန်အတွက် ကွမ်းထောင်အတွင်းတွင် ရေတွင်းတူးသကဲ့သို့ အနက်၃၅ပေ တူးထုတ်ပြီး ကွန်ကရစ်ခွံကြီး (Cement concrete shell) လောင်းခြင်း၊ Dia-phragm များဖြင့် ၅ ပေခြားစီတွင် ထည့်ပေးခြင်း၊ ကွမ်းထောင်ထောင့်အခြေတို့တွင် သံကူကွန်ကရစ်ဖြင့် တစ်ဆက်တည်းလောင်း၍ အခွန့်ရှည်ကြာ ခိုင်မာအောင် တည်ဆောက်ခြင်းတို့ ဆောင်ရွက်ပြီးစီးပါသည်။



အာနန္ဒာဘုရား အနောက်ဘက်မုခ်ဝ မြင်ကွင်းအလှ



အာနန္ဒာဘုရား ကို အနောက်တောင်ဘက်ထောင့်မှ ဖူးတွေ့ရစဉ်



အာနန္ဒာဘုရား တောင်ဘက်မုခ်ဝ မြင်ကွင်းပုံ



အာနန္ဒာဘုရား အနောက်ဘက်တံတိုင်းနှင့် မုခ်ဝမြင်ကွင်း၊ တံတိုင်းတွင် မူလစေတီရံကလေးများကို တွေ့နိုင်သည်



သဗ္ဗညုဘုရားပေါ်မှ တွေ့မြင်ရသည့် အရှေ့ဘက်မြင်ကွင်း၊ ဝဲဘက်တွင် ပုထိုးလင်ဘုရားနှင့် ယာဘက်တွင် အာနန္ဒာဘုရားကို တွေ့ရသည်



အာနန္ဒာဘုရား ကို လောကမှန်ကင်းစေတီတော်မှ ဖူးတွေ့ရစဉ်



အာနန္ဒာဘုရားအပြင် စင်္ကြံအထက်ပိုင်း မြောက်မျက်နှာရှိ အုတ်ပေါင်းကူးအတွင်း သဲကျောက်များ ညှပ်၍ စီထားသည့် ဗိသုကာလက်ရာ အေဒီ ၁၁ ရာစု



အာနန္ဒာဘုရား ကို သပ္ပာယ်စွာ ဖူးတွေ့ရပုံ




အာနန္ဒာဘုရားအတွင်း အနောက်ဘက်မတ်ရပ် ကိုယ်တော်ကြီး၏ တောင်ဘက်ဘေးရှိ ကျန်စစ်သားမင်းကြီးပုံ၊ ကျောက်တစ်တုံးတည်းကို ထွင်းထုထားသည်။ နောက်ကျောဘက်တွင် ပန်းခက်ကြီးများလှပစွာ ထွင်းထုထားသည်



အာနန္ဒာဘုရားအတွင်း မြောက်ဘက်မတ်ရပ်
ကိုယ်တော်ကြီး၏ အရှေ့ဘက်အခြေရှိ
အဂ္ဂသာဝကကြီး၏ပုံ မူလလက်ရာ (ကျောက်
တစ်တုံးတည်း ထွင်းထုထားသည် )

အာနန္ဒာဘုရားအတွင်း အနောက်ဘက်မျက်နှာမှ မူလသစ်သား
တံခါးကြီး၊ အပေါ်တွင် သံကွင်းဖြင့် ထိန်းထားပြီး အောက်ခြေကို
ကျောက်ခွက်ပေါ်တွင် ဆုံလည်လှည့်ရန် တင်ထားသည်





အာနန္ဒာဘုရားအတွင်း တောင်ဘက်မတ်ရပ်
ကိုယ်တော်ကြီး၏အရှေ့ဘက် မုခ်ကပ်အချိုင့်
အတွင်းမှ ဘုရားလောင်းနန်းစံနေဟန်

ဘုရားလောင်းဥယျာဉ်တော်သို့ ကြွချီဟန် ကျောက်ဆစ်လက်ရာ
အာနန္ဒာဘုရားအတွင်းရှိ မြောက်ဘက်မတ်ရပ်ကိုယ်တော်ကြီး၏
အနောက်ဘက်ဘေးမှလက်ရာ





အာနန္ဒာဘုရား တောင်ဘက်မျက်နှာရှိ မတ်ရပ်
ဆင်းတုတော်ကြီး၏အပေါ်ပိုင်းပုံ၊ မူလလက်ရာ
လက်အနေအထားမှာ တရားဟောဟန်

အာနန္ဒာဘုရားအတွင်းတောင်ဘက်မျက်နှာမှ ကဿပဘုရားပုံတော်
(မူလ လက်ရာ)၊ အနီးကပ်ဖူးမြော်လျှင် မျက်နှာသည်တည်ကြည်သော
အနေအထားရှိပြီး၊ အဝေးအာရုံခံမှုဖူးမြော်လျှင်ပြုံးနေသောအနေအထား
ရှိသည်ကို တွေ့ရသည်





အာနန္ဒာဘုရားအတွင်း နံရံပေါ်မှ ဆင်းတုတော်

အာနန္ဒာဘုရားအတွင်းမှ ကြေပတ်လမ်း





ရာဇဂြိုဟ်ပြည်သို့ဘုရားကြွချီဟန် ကျောက်ဆစ်လက်ရာ၊ ဝဲလက်ကရုဏိကာ မုဒြာဟန်၊ ယာခြေထောက်ရှေ့သို့ လှမ်းနေဟန်၊ အာနန္ဒာဘုရား မြောက်ဘက်စကြံမှ ကျောက်ဆစ်လက်ရာ

မောဝိပင်သို့ ဘုရားကြွချီဟန်၊ အာနန္ဒာဘုရားအတွင်း တောင်ဘက်စကြံမှ ကျောက်ဆစ်လက်ရာ




ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောထွက်ပြီးနောက် ဆန္နအမတ်အား နားပန်အပ်ဟန်၊ အာနန္ဒာဘုရား အတွင်းမှ ကျောက်ဆစ်လက်ရာ





အာနန္ဒာဘုရား အတွင်း၊ အပြင် စင်္ကြံလမ်း အနောက်ဘက်နံရံမှ သိဒ္ဓတ္ထမင်းသား တောထွက်ဟန်၊ မြင်းခွါသံ မကြားရအောင် နတ်တို့က မြင်းခွါများအောက်မှ လက်ဖြင့်ခံထားကြပုံ



အာနန္ဒာဘုရား – အပြင်စင်္ကြံအတွင်းမှ မယ်တော်မာယာအိပ်မက်မြင်ခန်း၊ အနော်ဝတတ်အိုင်၌ ရေချိုးနေဟန် ကျောက်ဆစ်ပန်းပုလက်ရာ



မယ်တော်မာယာသားဖွားခန်းကျောက်ဆစ်ရုပ်ကြွလက်ရာ၊ အာနန္ဒာဘုရားမြောက်ဘက်စင်္ကြံတွင် သဲကျောက်တစ်တုံးတည်းဖြင့် ထွင်းထုထားသည့်ပုဂံတွင်ရှိသောမယ်တော်မာယာ သားဖွားခန်းများအနက် အကောင်းဆုံးလက်ရာဖြစ်သည်



အာနန္ဒဘုရားအရှေ့မုခ်အဝင်မှ ဒွါရပါလတံခါးစောင့်
နတ်ရုပ်အုတ်အင်္ဂတေလက်ရာ





အာနန္ဒာဘုရား အာရုံခံအတွင်းဝဲယာရှိနတ်ရုပ်ကြီးများအနက်မှ
အရိမေတ္တေယျပုံတော်၊ အုတ်အင်္ဂတေလက်ရာ



ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား–ဘုံ–၇ ဆင့်နှင့်
နန်းတော်တွင် စံမြန်းနေဟန်ပုံ၊ အာနန္ဒာဘုရား
အတွင်း အရှေ့တောင်ထောင့်မှ လက်ရာ

အာနန္ဒာဘုရားအပြင်စင်္ကြံအတွင်း အနောက်ဘက်
တံခါးကြီး မြောက်ဘက်ဘေးရှိ ဘုရားအလောင်း
သေတကေတုနတ်သားပုံ ကျောက်ဆစ်ပန်းပု
လက်ရာ





အာနန္ဒာဘုရားတန်ဆောင်းပြာသာဒ်ပေါ်မှ ပန်းတော့လက်ရာများ

အာနန္ဒာဘုရားအဝင် မုခ်တံကဲဝပုံ







အာနန္ဒာဘုရားအထက်ပစ္စယံမှ ဇာတ်နိပါတ်တော်ရုပ်ကြွစဉ်ကွင်းပုံများ









မာရ်စစ်သည်စဉ်ကွင်းရုပ်ချပ်များကို အာနန္ဒာဘုရားအောက်ခြေတွင်တွေ့ရပုံ









အချို့အစားကျနေပြီး အသက်ဝင်လှသည်  မာရ်စစ်သည်စဥ့်ကွင်းရုပ်ချပ်များ











အာနန္ဒာဘုရားအောက်ခြေနံရံပေါ်မှ ဇာတ်နိပါတ်တော်စဉ်ကွင်းရုပ်ချပ်များ









အာနန္ဒာဘုရားအောက်ခြေနံရံပေါ်မှ မာရ်စစ်သည်စဉ်ကွင်းရုပ်ချပ်များ





အာနန္ဒာဘုရား အနောက်ဘက်မြင် မတ်ရပ်ပုံ



အာနန္ဒာဘုရား ဖြတ်ပိုင်းပုံ



အာနန္ဒာဘုရားအလျား ဖြတ်ပိုင်းပုံ



အာနန္ဒာဘုရားအတွင်းမှ သစ်သားပန်းပု အနုစိတ်လက်ရာများ

## သဗ္ဗညုဘုရားကြီး

အေဒီ ၁၁၄၄ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ ပုဂံတွင်ရှိသမျှဘုရားများအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပါသည်။ ထို့ကြောင့်လည်း ပုဂံတွင် အဆိုတစ်ခု ရှိပါသည်။ "ထု–ဓမ္မရံ၊ ဉာဏ်–သဗ္ဗညု၊ အနု–အာနန္ဒာ" ဟု ဆိုပါသည်။ ထုထည်အကြီးမားဆုံးမှာ ဓမ္မရံကြီးဖြစ်ပြီး ဉာဏ်တော်အမြင့်ဆုံးမှာ သဗ္ဗညုဘုရား ဖြစ်ပါသည်။ ဗိသုကာကျောက်ဆစ်လက်ရာ စဉ့်ကွင်းစသည့် အနုပညာလက်ရာနှင့်ပတ်သက်၍ လက်ရာအကောင်းဆုံးမှာ အာနန္ဒာဖြစ်သည်။ သဗ္ဗညုဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ ဖိနပ်တော်မှ ငှက်မြတ်နားထိ ၂၀၁ ပေ မြင့်ပါသည်။

သဗ္ဗညုဂူဘုရားကြီး၏ အမည်မှာ မူလအမည်ဖြစ်ကြောင်း သိရပါသည်။ မြတ်စွာဘုရားရှင်၏ဂုဏ်ပုဒ်အမည်တစ်ခုဖြစ်ပါသည်။ သဗ္ဗညုတဉာဏ်တော်၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။ သဗ္ဗညုဘုရားကြီးမှာ စကြဲလိုဏ်ပတ်လမ်းနှင့် လေးဆင့်ပါရှိသော ဝတ်ပြုရန်စေတီ၊ ဝိဟာရ (စာသင်ကျောင်း)နှင့်ပိဋကတ်တိုက်ပါ ရောနှောတည်ဆောက်ထားသော ဂူဘုရားကြီးဖြစ်ပြီး ပစ္စယာ ၇ ဆင့်ရှိပါသည်။ အရှေ့လှည့်ဂူဘုရားကြီး ဖြစ်ပါသည်။

အပေါ်ဆင့်တွင် ကြာပလ္လင်ခံ ဘယ်တင်ညာချ အုတ်ဆင်းတုကြီးရှိပါသည်။ အဆိုပါ ဆင်းတုတော်ကြီး၏ဦးခေါင်းတော်မှာ ၁၉၇၅ ခု၊ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသဖြင့် ဦးခေါင်းတော်တွင်းမှ အန္တကူဆင်းတုတစ်ဆူ (ယခု ပုဂံပြတိုက်တွင် ပြသထားသည်) ရရှိခဲ့ပါသည်။ သဗ္ဗညုဘုရားကြီးမှာလည်း ဓမ္မရံကြီးဘုရားကဲ့သို့ အုတ်စီလက်ရာ အလွန်ကောင်းပါသည်။ အပေါ်ထပ်ဆင်းတုကြီးရှိရာ နံရံများတွင် အုတ်များကို ခေါင်လိုက်တစ်လှည့်၊ အလျားလိုက်တစ်လှည့်၊ တစ်လှည့်စီ စီထားသည်ကို တွေ့ရပါသည်။ ၄င်းဆင်းတုကြီးရှိရာ ဂန္ဓကုဋိတိုက်နံရံကိုလည်း အမြင့်ရှစ်ပေအထိ ကျောက်အုတ်များ သုံးထားကြောင်း ၁၉၇၅ ခု၊ ငလျင်လှုပ်၍ အင်္ဂတေများ ကွာကျသွားသောအခါမှ သိရပါသည်။

၄င်းပြင် ထောင့်တိုင်းတွင် ကျောက်များကို ကျင်တွယ်ပုံထွင်း၍ ခိုင်မာအောင် ထည့်သွင်းထားခြင်း၊ ပေါင်းကူးတိုင်းလိုလိုပင် သဲကျောက်များညှပ်၍ စီထားသည်ကို ယခု ငလျင်လှုပ်၍ အင်္ဂတေများကွာကျသွားသဖြင့် ပေါ်လာခြင်းဖြစ်ပါသည်။ ဆင်းတုကြီး၏ ဂန္ဓကုဋိတိုက် အမိုးပေါင်းကူးမှာ အုန်းလက်ပေါင်းကူးဖြစ်ပြီး သစ်သား၊ သံ လုံးဝမပါဘဲ အုတ်များကိုသာ အသုံးပြုပြီး လိုဏ်ပြုလုပ်ထားသည်မှာ ဗိသုကာလက်ရာ ချီးကျူးဖွယ်ရာဖြစ်ပါသည်။ ၄င်းပြင် အခွန့်ရှည်ကြာခိုင်မာစေရန် ပစ္စယာများကိုလည်း တစ်ဘက်လျှောပြုလုပ်ထားသည်။ အောက်မြေညီထပ်တွင် တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် မူလအုတ်အင်္ဂတေဖြင့် ဆင်းတုတော်ကြီးများ ရှိပါသည်။ အခြားသော ဆင်းတုတော် ၁၇ ဆူမှာ နှောင်းခေတ်လက်ရာ ဆင်းတုတော်များဖြစ်သည်။


အနောက်ဘက်မျက်နှာမုခ် လိုဏ်အတွင်း မျက်နှာကြက်နှင့် နံရံများတွင် မူလနံရံဆေးရေးပန်းချီ လက်ရာများရှိပါသည်။ မျက်နှာကြက်တွင် ခြေတော်ရာ တစ်စုံရှိပါသည်။ ဘုရားအား ပူဇော်ဟန် သိကြားနှင့် ဗြဟ္မာပုံများလည်းရှိပါသည်။ မုခ်တံကဲများတွင် အင်္ဂတေပန်းတောလက်ရာများလည်း ရှိပါသည်။

အရှေ့မြောက်ဘက်တွင် ဂရိုချိုးဟု အစဉ်အလာခေါ်လာခဲ့သော စေတီပေါက် ဂူဘုရားတစ်ဆူရှိပါသည်။ ၄င်းမှာ အုတ်တစ်ပိုတွင် အုတ်တစ်ချပ်ကျ ဂရိုချိုးပြီး ဂရိုချိုးထားသောအုတ်များဖြင့်တည်ထားသည်ဟု အစဉ်အလာမှတ်သားလာခဲ့ကြပါသည်။ ၄င်းပြင် ဂူဘုရားကြီး၏အရှေ့တောင်ဘက်တွင် မူလအလောင်းစည်သူမင်းကြီး၏ ကောင်းမှုဖြစ်သော ကြေးခေါင်းလောင်းတော်ကြီး ချိတ်ရန် ကျောက်ခေါင်းလောင်းတိုင်ကြီးနှစ်တိုင် ကြွင်းကျန်ပါသေးသည်။ ခေါင်းလောင်းတိုင်ကြီးထပ်ပိုင်းတွင် သုံးထောင့်ပုံ ကျောက်ဆစ်ပန်းခက်ကြီးများကို လှပစွာ ထွင်းထုထားပါသည်။ ခေါင်းလောင်းကြီးမှာ မရှိတော့ပါ။


တစ်ချိန်က မသမာသူများလက်ချက်ကြောင့် ဖျက်စီးခံခဲ့ရခြင်းဖြစ်ပါသည်။ အကယ်၍ ရှိမည်ဆိုပါက အလေးချိန်အားဖြင့် မင်းကွန်းခေါင်းလောင်းကြီးကို

မပိသော်လည်း အရွယ်ပမာဏအားဖြင့် မင်းကွန်းခေါင်းလောင်းထက် ကြီးမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျောက်တိုင်ကြီးနှစ်တိုင်၏အကွာအဝေးမှာ ၁၈ ပေရှိသဖြင့် အနည်းဆုံး အချင်း ၁၅ ပေရှိပေမည်။ မင်းကွန်းခေါင်းလောင်းကြီး၏ အကြီးဆုံးအပိုင်း အချင်းမှာ ၁၄ ပေသာရှိပါသည်။

သဗ္ဗညုဘုရားကြီးမှာ အရှေ့တောင်ထောင့် မြို့ရိုးအတွင်းတွင်တည်ရှိပြီး မူလက ပတ်လည်တံတိုင်း ရှိခဲ့သည်။ ယခုအခါ မြောက်ဘက်မျက်နှာတံတိုင်းမှခ်ကြီးတစ်ခုသာ ကျန်ပါတော့သည်။၁၉၉၀ ပြည့်နှစ်အတွင်းက အဆိုပါတံတိုင်းမှခ်ကြီး၏ အနောက်ဘက်ကို စမ်းသပ်တူးဖော်ကြည့်ရာ တံတိုင်းအောက်ခြေများအတန်းလိုက် တွေ့ရပါသည်။ တစ်ချိန်က အဆိုပါအုတ်များကိုယူ၍ မြို့ရိုးကို ပြင်ဟန်လက္ခဏာ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် မြို့ရိုးတွင် အုတ်အရွယ်အစားအမျိုးမျိုးတွေ့ရပြီး သဗ္ဗညုတံတိုင်းမှခ်မှ အုတ်အရွယ်အစားများကို မြို့ရိုးတွင် တွေ့နေရပေသည်။


သဗ္ဗညုဘုရား ပန္နက်ပုံ


အလောင်းစည်သူမင်းကြီး ကောင်းမှုတော် သဗ္ဗညုဘုရား



သဗ္ဗညုဂူဘုရားကြီး၊ ဘုရားကြီး၏အနောက်မြောက်ထောင့် အောက်ခြေမှထိပ်အထိ
မျဉ်းတဖြောင့်တည်း တည်ဆောက်ထားသည့် ဗိသုကာလက်ရာကို တွေ့ရစဉ်



သဗ္ဗညုဘုရားကြီးကို တောင်ဘက်မြို့ရိုးကလေးတံခါးပေါက်နှင့် ကျုံးမှမြင်တွေ့ရစဉ်၊ အေဒီ ၁၂ ရာစု စောစောပိုင်း



သဗ္ဗညုဘုရားကို နေဝင်ဆည်းဆာအချိန်၌ ဖူးတွေ့ရပုံ



အာနန္ဒာဘုရားနှင့် သဗ္ဗညုဂူဘုရားကြီးကို ထီးလိုမင်းလိုဘုရားပေါ်မှ ဖူးတွေ့ရပုံ
သဗ္ဗညုဘုရားမှာ မုခ်လေးမျက်နှာရှိသော ဂူဘုရားတစ်ဆူဖြစ်သည်



သဗ္ဗညုဘုရားနှင့် အာနန္ဒာဘုရားကို ထီးလိုမင်းလိုဘုရားပေါ်မှ မြင်တွေ့ရပုံ



သဗ္ဗညုဘုရားကို ရွှေဆံတော်ဘုရားပေါ်မှ ဖူးတွေ့ရပုံ

သဗ္ဗညုဘုရားကို အာနန္ဒာဘုရား အထက်ပစ္စယံမှ ဖူးတွေ့ရစဉ်





ပုဂံလုပျိုဖြူကလေးများ လှည်းယဉ်ကြော့နှင့် ဘုရားဖူးသွားကြစဉ်၊ ရှေ့တွင် နတ်လှောင်ကျောင်းနှင့် သဗ္ဗညုဂူဘုရားကြီးကို မြင်တွေ့ရသည်



သဗ္ဗညုဘုရားကို နေထွက်ချိန်၌ ကန်တော့ပလ္လင်ဘုရားပေါ်မှ ဖူးတွေ့ရစဉ်




သဗ္ဗညုဘုရားတောင်ဘက်လှေခါးအတွင်း–
ဆွမ်းအုပ်နှင့် တက်လာသော ပုဂံသူလှပျိုဖြူများ



သဗ္ဗညုဘုရား အထက်ပစ္စယံမှ ဆွမ်းကပ်ပြီး ဆင်းလာကြသည့် လုပျိုဖြူကလေးများ


သဗ္ဗညုဘုရား အထက်ပစ္စယံသို့တက်သည့် အတွင်းလှေကား






သဗ္ဗညုဘုရား မြေညီထပ် ပန္နက်ပုံ


သဗ္ဗညုဘုရား ပထမထပ် ပန္နက်ပုံ







သဗ္ဗညုဘုရား ဒုတိယထပ် ပန္နက်ပုံ

သဗ္ဗညုဘုရား တတိယထပ် ပန္နက်ပုံ







သဗ္ဗညုဘုရား မြောက်ဘက်မြင် မတ်ရပ်ပုံ




သဗ္ဗညုဘုရား အနောက်ဘက် မတ်ရပ်ပုံ




သဗ္ဗညုဘုရား တောင်–မြောက် ဖြတ်ပိုင်းပုံ




သဗ္ဗညုဘုရား တောင်မှ မြောက် ဖြတ်ပိုင်းပုံ




သဗ္ဗညုဘုရား တတိယထပ်ပနွယ် ဖြတ်ပိုင်းပုံ



သဗ္ဗညုဘုရား အထက်ပစ္စယံမှ ပန်းတော့အနုစိတ်လက်ရာများ





သဗ္ဗညုဘုရား ရှေ့မျက်နှာစာ အဝင်ဝ မတ်ရပ်ပုံ




သဗ္ဗညုဘုရား ဒုတိယထပ် မြောက်ဘက်အဝင်ဝပုံ











သဗ္ဗညုဘုရားမှ ပြတင်းတံခါးလက်ရာများ



သမ္ဗုညုဘုရား မျက်နှာကြက်မှ ဆေးရေးပန်းချီများ



သဗ္ဗညုဘုရားအတွင်းမှ ဆင်းတုတော်ပုံများ

# ပုထိုးသားများဘုရား

ပုထိုးသားများဘုရားမှာ တောင်သူကြီးမင်းတည်သော ပုထိုးငါးလုံးတွင်ပါသည်ဟု အစဉ်အလာရှိခဲ့သော်လည်း ပုံပန်းသဏ္ဌာန်နှင့် အတွင်းနံရံ ဆေးရေးပန်းချီလက်ရာများကိုထောက်ဆ၍ စောလူမင်း ( သို့မဟုတ် ) ကျန်စစ်သားမင်းလက်ထက် လက်ရာဖြစ်ဖွယ်ရှိပါသည်။ စောလူမင်းလက်ထက် ဖြစ်နိုင်သည်ဟုထောက်ခံလိုပေသည်။ မည်သို့ပင်ဆိုစေ ပုဂံခေတ်ဦးပိုင်း ဂူဘုရားတစ်ဆူဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အပေါ်အမိုးခုံး ဆင်ခြေလျှောကြီးများမှာ စောစောပိုင်းဂူဘုရားများ၏လက္ခဏာတစ်ခုပင်ဖြစ်ပါသည်။

ပုထိုးသားများဟု ခေါ်ရခြင်းမှာ အပေါ်တွင်ပေါက်ထားသော ပုထိုးပုံများကိုပန္နယာစိန်တန်းနှင့် စေတီရံထောင့်များ၌ ပုထိုးငယ်လေးများ မူလကအတန်းလိုက်ရှိခဲ့သည်။ ယခုထောင့်စေတီရံများတွင် မူလလက်ရာများကျန်ရှိပါသည်။

ဤကဲ့သို့ပုထိုးငယ်ကလေးများ စီတန်းနေခြင်းအားဖြင့် နောင်းခေတ်လူများက ပုထိုးကြီး၏သားများ၊ ပုထိုးသားများဟူ၍အမည်မှည့်ခေါ် ဟန်ရှိပါသည်။

အလယ်ပုထိုးကြီး၏ သပိတ်မှောက်မှာ အခြားဘုရားများနှင့် မတူ တစ်မူထူးခြားဆန်းပြားစွာ ပြုလုပ်ထားပါသည်။

သပိတ်မှောက်အလုံးကြီးအား အမြောင့် ၁၂ မြောင့် လုပ်ထားပါသည်။ အမြောင့်များ၏အခြေတွင် မူလက နဂါးဦးခေါင်းများတပ်ဆင်ထားဟန်ရှိပါသည်။ အပေါ်တွင် ဓာတ်တော်တိုက်ရှိပြီး ဓာတ်တော်တိုက်အထက်တွင် ဖောင်းရစ်ခေါ်ထီးအဆင့်များရှိပါသည်။ ၁၉၇၅ ခုနှစ်၊ ငလျင်လှုပ်စဉ်က ဖောင်းရစ်ပိုင်း ပြိုကျ၍ပြုပြင်ထားရပါသည်။

နံရံတစ်ဘက်စီတွင် မူလလက်ရာအုတ်ဇာပြတင်း ၅ ခုစီ ရှိပါသည်။ အာရုံခံတောင်နှင့် မြောက်တွင်မူ မူလအုတ်ဇာပေါက် ပြတင်းမရှိသဖြင့် ဇာပေါက်ပြတင်းပြုလုပ်တပ်ဆင်ထားရပါသည်။ အာရုံခံမြောက်နံရံအတွင်းတွင် အပေါ်သို့တက်ရန်ကြောင်လိမ်လှေကားတစ်ခုရှိပြီး၊ ၎င်းမှသွားလျှင် အပေါ်ထပ်တွင် စေတီရံလိုဏ်ငယ်လေးများသို့ ရောက်သည်။ အပေါ်ထပ် လိုဏ်ငယ်လေးများအတွင်းတွင် အုတ်အင်္ဂတေဆင်းတုများ ရှိပါသည်။ မြောက်ဘက်လိုဏ်အတွင်းတွင် မပျက်မစီးမူလလက်ရာအတိုင်း အုတ်အင်္ဂတေဖြင့် ဆင်းတုတစ်ဆူရှိခဲ့သော်လည်း ၁၉၇၅ ခု၊ ငလျင်ကြောင့် ပျက်စီးသွား၍ ယခုမူလပြုတ်ကျသွားသော အစိတ်အပိုင်းများကိုစုပေါင်း၍ မူလအတိုင်း ပြုပြင်ထားပါသည်။

စေတီရံများအတွင်း နံရံများတွင် မုံတီးနေဟန်၊ ကနေဟန် နံရံဆေးရေးပန်းချီများကြွင်းကျန်ပါသေးသည်။

အာရုံခံနံရံများတွင် ဆင်းတုပုံကြီးများရှိသော်လည်း နှစ်ကာလကြာမြင့်သဖြင့်ကျပ်ခိုးများကြောင့် မည်းမှောင် မှေးမှိန်နေပေပြီး တိုက်မနံရံများတွင် မယ်တော်မာယာသားဖွားခန်း၊ ဘုရားလောင်းအား ပုဏ္ဏားများ လက္ခဏာကြည့်ခန်း၊ ဥယျာဉ်တော်သို့ ထွက်တော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံပယ်ခန်း၊ အဝိဇ္ဇရေဗုဒ္ဓဝင်ခန်းများကို အကွက်ကြီးများရေးဆွဲထားသည်။ အလယ်နံရံပတ်လည်တွင်မူကြီးမားသော ဆင်းတုတော်ပုံကြီးများ ရေးဆွဲထားသည်။

မုခ်ကပ်အချိုင့်များတွင် မူလဆင်းတုတော်များရှိခဲ့သော်လည်း ယခု ၅ ဆူသာကျန်ပါတော့သည်။

ဂန္ဓကုဋိတိုက်အဝင် ဝဲယာရှိ မုခ်ကပ်အချိုင့်များအတွင်းတွင် အမြင့် ၃ ပေခန့်ရှိကျောက်ဆင်းတုနှစ်ဆူမှာ လက်ရာအလွန်ကောင်းပါသည်။

ဤဘုရားအတွင်း အုတ်ဇာပေါက်ပြတင်းများအထက်တွင် မူလသစ်သားထုပ်တန်းကြီးများရှိသည်။ အရှေ့ဘက်မုခ်အဝင်ဝတွင်လည်း မူလသစ်သားထုပ်တန်းကြီးများရှိသည်။ ဂန္ဓကုဋိတိုက်အတွင်းတွင် နောင်းခေတ်ပြုပြင်ထားသောအုတ်အင်္ဂတေ ဆင်းတုကြီးနှင့် ဝဲယာရံ အဂ္ဂသာဝကနှစ်ဦး၏ ပုံတော်နှစ်ဆူမှာရှေးမူလလက်ရာအတိုင်း ရှိသေးသည်။ ပြုပြင်ထားခြင်းမရှိသေးပါ။

ဤဘုရား၏ ထူးခြားချက်မှာ အတွင်းတံကဲများတွင် တန်ဆာဆင်ထားသောအင်္ဂတေပန်းလက်ရာများမှာ အလွန်ကောင်းမွန်ပါသည်။




ပုထိုးသားများဘုရားအတွင်းမှ လက်ရာမြောက်လှသည့်အင်္ဂတေပန်းတံကဲပုံ


ထူးခြားသည့်အထွင့်ပုထိုးပုံပါရှိသည့်ပုထိုးသားများဘုရားကိုအရှေ့ဘက်မျက်နှာစာမှမြင်တွေ့ရပုံ၊ အေဒီ ၁၁ ရာစုတောတောပိုင်း



ပုထိုးသားများဘုရား ဘေးဘက်မြင် မတ်ရပ်ပုံ




[illegible]




ပုထိုးသားများဘုရား ပန္နက်ပုံ

# ကန်တော့ပလ္လင်ဘုရား

ပုဂံမြို့ရိုးအတွင်းတွင်ရှိသော ဘုရားပေါင်း ၉၀ ကျော်တွင် တစ်ဆူအပါအဝင်ဖြစ်ပြီး မြစ်ကမ်းနားနှင့်နီးသည်။ ကန်တော့ပလ္လင်ဘုရားမှာ အေဒီ ၁၁၇၅ ခုနှစ်တွင် နရပတိစည်သူမင်းကြီးတည်ထားကိုးကွယ်ခဲ့သည်ဟုဆိုပါသည်။ ၎င်း၏ ဘိုးတော် အလောင်းစည်သူမင်းကြီးသည် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့အား ဘုန်းတန်ခိုးအာဏာသူလောက်မရှိပေဟူ၍ပြစ်မှားမိသဖြင့် မျက်စိကွယ်သွားသဖြင့် ဟူးရာဖြူ၊ ဟူးရာညိုတို့က အကြံပေးပြီး ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ အရုပ်တုများကိုထုလုပ်၍ပလ္လင်ပေါ်သို့တင်ပြီးကန်တော့စေ၍ မျက်စိနှစ်ကွင်းအလင်းပြန်ရသည်ဟု ဆိုပါသည်။ ထိုသို့ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့အား ကန်တော့ရာနေရာတွင် မြေးတော်နရပတိစည်သူမင်းကြီးက တည်ထားကိုးကွယ်ခဲ့သဖြင့်ကန်တော့ပလ္လင်ဘုရားဟု ယနေ့တိုင်တွင်နေကြောင်း သိရှိရပါသည်။

ကန်တော့ပလ္လင်ဘုရားကြီးမှာ ပုဂံတွင်ကြီးမားသော ဂူဘုရားကြီးများထဲတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ ဓမ္မရံကြီးဘုရား၊ ထီးလိုမင်းလိုဘုရားတို့နှင့်လည်း ဖွဲ့စည်းပုံဆင်တူသည်။

ယခင်က လိုဏ်သုံးဆင့်ဘုရားကြီးဟူ၍ အသိအမှတ်ပြုပြောဆိုခဲ့သော်လည်း ၁၉၇၅ ခုနှစ် ငလျင်လှုပ်ရာတွင် ပြိုပြင်စဉ်အပေါ်ကွမ်းထောင်၏အောက်ဘက်တွင် အပေါ်ဆုံး လှိုဏ်ဂူကလိုဏ်ပတ်လမ်းတစ်ခု ထပ်မံတွေ့ရှိသဖြင့် လိုဏ်လေးဆင့်ဘုရားကြီးအဖြစ် သတ်မှတ်နိုင်ပါသည်။

ကန်တော့ပလ္လင်ဘုရားကြီးအပေါ်ထပ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတု ၄ ဆူ၊ အောက်ထပ်တွင် ဆင်းတုကြီး ၁၀ ဆူရှိပါသည်။ အုတ်ခုံရင်ပြင်အရှေ့မြောက်ထောင့်တွင် မူလပုဂံခေတ်လက်ရာ ထိုင်တော်မူ ကျောက်ဆင်းတုကြီးတစ်ဆူ ဂန္ဓကုဋိတိုက်အတွင်းတွင် ရှိပါသည်။ မူလက နံရံပန်းချီများ ရှိခဲ့သော်လည်း နှောင်းခေတ်လူတို့ ထုံးများသုတ်ပစ်ကြသဖြင့် ထုံးများအောက်တွင် ရေးရေးမျှသာ မြင်ရပါတော့သည်။ ဘုရားကြီးတံတိုင်းဝင်းအတွင်း အရှေ့တောင်ထောင့်တွင် နှောင်းခေတ်တည် ရှစ်မျက်နှာဘုရားနှင့် ခေါင်းလောင်းတိုင်နှစ်တိုင်၊ အရှေ့မြောက်ထောင့်တွင်နှောင်းခေတ်တည်စေတီရံတစ်ဆူရှိသည်။

ကန်တော့ပလ္လင်ဘုရားနှင့် ရွှေဟောင်းသုတေသန ပြတိုက်ကြားတွင် ကန်တော့ပလ္လင်ဘုရားကြီးအား စောင့်ရှောက်သော ဘုန်းကြီးကျောင်းဟောင်း အုတ်ကုန်းကြီးတစ်ခုရှိသည်။ အဆိုပါ ကျောင်းကြီးအရှေ့ဘက်တွင် ဓမ္မသာလာ အဆောင်ရာကြီးအဖြစ် ကျောက်တုံးတန်းကြီးများမှာ သက်သေသာဓကအဖြစ်တည်ရှိသည်။

ကန်တော့ပလ္လင်ဂူဘုရားကြီး၌ မူလက စိန်တန်းများတစ်လျှောက်တွင် စဥ့်အုတ်ချပ်များရှိခဲ့ကြောင်း အချို့စိန်တန်းများတွင်ကြွင်းကျန်ရစ်သော စဥ့်ချပ်များက သက်သေခံနေပါသည်။

ဤဂူဘုရားကြီးမှာလည်း ဗိသုကာလက်ရာမွန်များအထဲတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ ကြောင်လိမ်လှေကားထိပ်မှသွားရသော လှိုဏ်ဂူကလိုဏ်များနှင့် အဆန်းတကြယ်ပြုလုပ်ထားပါသည်။ ၎င်းပြင် အပေါ်ထပ်အောက်ထပ် ချင်မိတ်တိုးတန်းတစ်လျှောက်တွင် ချင်မိတ်တိုးတန်းကို ပင့်ခံထားသော အောက်ဆုံးဖောင်းလုံးတန်းပတ်လည်ကိုသဲကျောက်များဖြင့်ခံကာ တည်ဆောက်ထားသည်။

ထောင့်များတွင်လည်း ကျင်တွယ်ပုံထောင့်ချုပ်ကျောက်များဖြင့် ကြာရှည်နိုင်ခံ့အောင်ပြုလုပ်ထားကြောင်း တွေ့ရသည်။ ဤဂူဘုရားကြီးမှာ ၁၉၇၅ ခု ငလျင်လှုပ်စဉ်က ငလျင်ကြောကျ၍ အထိနာခဲ့ပါသည်။ ထိုသို့ ငလျင်လှုပ်လိုက်သဖြင့် ဤဘုရားကြီး ကွမ်းထောင်အတွင်းမှလည်းကောင်း၊ ဆင်းတုဦးခေါင်းတော်များ ပြုတ်ကျရာမှလည်းကောင်း ဌာပနာပစ္စည်းပေါင်းများစွာ ရရှိခဲ့ပါသည်။ ပုဂံပြတိုက်အတွင်း ပြသထားသော ကြေးဆင်းတုများ၊ ကြေးရုပ်များ၊ မျှုဒဂါးတို့မှာ ဤဂူဘုရားကြီးမှ ဖြစ်ပါသည်။ ကျောက်အမျိုးမျိုးနှင့် ရွှေဆင်းတုငယ်နှစ်ဆူ၊ ရွှေစေတီငယ်နှစ်ဆူနှင့် အခြားသော ရုပ်တုဆင်းတုများကို ပြန်လည်ဌာပနာထားလိုက်ပါသည်။

ကွမ်းထောင်ပိုင်းတစ်ခုလုံး ပျက်စီးသွားသဖြင့် ယခုပြန်လည်အစားထိုးပြုပြင်သောအခါတွင် အလေးချိန်ပေါ့ရန် သံကူကွန်ကရစ်နှင့် အုတ်များကိုသုံး၍ လိုဏ်ဂူပြုလုပ်ထားရှိသည်။




ကန်တော့ပလ္လင်ဘုရားနှင့်နေဝင်ဆည်းဆာအလှ၊ ဝဲဘက်တွင်ကြမ္မာဘဒ်ဘုရားနှစ်ဆူနှင့်
နောက်ဘက်တွင်တန့်ကြည့်တောင်တန်း၌နေဝင်ရန်မေးတင်နေပုံ



သပ္ပာယ်စွာဖူးတွေ့ရသည့်ကန်တော့ပလ္လင်ဂူဘုရားကြီး၊ အေဒီ ၁၂ ရာစု



ကန်တော့ပလ္လင်ဘုရား ဝဲဘက်တွင်ကြမ္မာဘဒ်ဘုရားနှစ်ဆူကိုတွေ့ရသည်။ အေဒီ ၁၂ ရာစု



ကန်တော့ပလ္လင်ဘုရားကိုသဗ္ဗညုဘုရားပေါ်မှမြင်တွေ့ရပုံ၊ရှေ့ဘက်တွင် နတ်လှောင်ကျောင်း၊ကျွဲနားရှောင်း
ပုထိုးသားများဘုရားနှင့် ရှေးဟောင်းသုတေသန ပြတိုက်ကိုတွေ့ရစဉ်




ဆင်ပြုဂူဘုရားနှင့် ရတနာမာရ်အောင်ဘုရားတန်းနောက်တွင် ကန်တော့ပလ္လင်ဘုရားကိုတွေ့ရသည်။ အေဒီ ၁၂ ရာစု

ကန်တော့ပလ္လင်ဘုရားကိုရှေ့မျက်နှာစာမှ ဖူးတွေ့ရပုံ





ကန်တော့ပလ္လင်ဘုရားနှင့် ရှေ့ဥပစာမြင်ကွင်း၊ အေဒီ ၁၂ ရာစု




GAWDAWPALIN. BUILT BY NARAPATISITHU 1173 – 1210 A.D. SECTION THROUGH EAST WEST. DEPARTMENT OF ARCHITECTURE RANGOON INSTITUTE OF TECHNOLOGY

ကန်တော့ပလ္လင်ဘုရားအရှေ့အနောက်ဖြတ်ပိုင်းပုံ

# မဟာဗောဓိဘုရား

ပုဂံမြို့ဟောင်းရှိ ကြွင်းကျန်ရစ်သော ဘုရားပေါင်းအဆူ နှစ်ထောင်ကျော် အနက် မဟာဗောဓိပုံကွမ်းထောင်ပေါက်ဘုရားများတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ မဟာဗောဓိဘုရားနှင့်အတူဆုံး ပုံဘုရားဖြစ်သည်။ မြင့်မားသော ကွမ်းထောင်ရှည် နှင့် ဘုရားပုံမှာ ထူးခြားသောလက်ရာဖြစ်သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ မဟာ ဗောဓိဘုရားကို အတုယူ၍ ဇေယျသိင်္ခ (ခ) နားတောင်းများမင်း (ခ) ထီးလိုမင်းလို မင်းကြီးက အေဒီ ၁၂၁၅ တွင် တည်ထားခဲ့သောဘုရားဖြစ်သည်။

လိုဏ်နှစ်ဆင့်ဖြစ်ပြီး တောင်ဘက်နံရံအတွင်းတွင် အပေါ်ထပ်သို့တက်ရန် ကြောင်လိမ်လှေကားတစ်ခုရှိပါသည်။ ဗုဒ္ဓဂါယာရှိမဟာဗောဓိကဲ့သို့ပင်အရှေ့လှည့်ပြီး အောက်ထပ်တွင် ဘူမိဖဿမုဒြာဟန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူနှင့် အပေါ်ထပ် လိုဏ်အတွင်းတွင် ဘူမိဖဿမုဒြာဟန် ဗုဒ္ဓရုပ်ပွားဆင်းတုပုံတစ်ဆူစီရှိသည်။ ထူးခြားသည်မှာ ကွမ်းထောင်မျက်နှာပြင်များတွင် များစွာသောမုခ်ကပ်အချိုင့်များ အတွင်း၌ မတ်ရပ်၊ ထိုင်လျက်၊ လျောင်းလျက် ၃ ဆူ စုစုပေါင်း ဗုဒ္ဓဆင်းတုတော်ပေါင်း ၄၆၅ ဆူကျန်ရှိပါသည်။

အဆိုပါ ဆင်းတုတော်များမှာ ထုံးအထပ်ထပ်သုတ်ထားသဖြင့် မူလလက်ရာ များပျောက်နေပါသည်။ အထွဋ်စေတီမှာ ငလျင်အကြိမ်ကြိမ်လှုပ်၍ ပျက်စီးခဲ့သဖြင့် မြန်မာဆန်ဆန် နှောင်းခေတ်စေတီပုံဖြစ်နေပေသည်။ အမှန် အထွဋ်စေတီမှာ "အမလကာ" (ခေါ်) ဖရုံတုံးနှင့် "ဟာမိက" (ခေါ်) ဓာတ်တော်တိုက်တို့မပါဘဲ ရိုးရိုးစေတီပေါက်ဖြစ်နေသည်မှာ ကွဲလွဲနေပါသည်။ အနောက်ဘက်လိုဏ်တွင် အဝိုင်းကြီးရှိရာ ၎င်းမှာ မူလက ဗောဓိပင်အရာကြီးဟူ၍ အဆိုရှိပါသည်။ မူလလုပ် အင်္ဂတေရုပ်၊ အင်္ဂတေပန်းများမှာ အောက်ထပ်တိုက်မ နံရံအထက်ပိုင်းပတ်လည် တွင်တွေ့မြင်နိုင်ပါသည်။ ထုံးများသုတ်ထားသဖြင့် လက်ရာများပိန်းနေပါသည်။

ပတ်ဝန်းကျင်တွင် ဗုဒ္ဓဂါယာကဲ့သို့ပင် သတ္တဋ္ဌာနခန်းများ ရှိပါသည်။ နေရာ အနေအထားအနည်းအငယ်လွဲသည်မှအပ အားလုံးလိုလိုတူညီပါသည်။

ထူးခြားသည်မှာ ရတနာဃရအဖြစ်သတ်မှတ်ထားသော ဘုရားကျောင်း ဆောင်ကြီးမှာ ပုဂံခေတ်ဦးပိုင်းအဆောက်အအုံကြီးဖြစ်နေသဖြင့် နှစ် နှစ်ရာခန့် စောနေသော အဆောက်အအုံကြီးအနီးတွင် ထပ်တည်ထားဟန်လက္ခဏာ ရှိပါ သည်။ အဆိုပါ ရှေးကျသော ဘုရားကျောင်းဆောင်ကြီးအတွင်းတွင် ငလျင်မလှုပ် မီက ဘုရားဆင်းတု၏နောက်ခံတံကဲမှာ ပုဂံတွင်ဤတစ်ခုသာရှိပါသည်။ စဉ့်အစိမ်း ရောင်၊ နီညိုရောင်၊ အဝါရောင် စသည်ဖြင့် ရောင်စုံစဉ့်ပန်းချီကားရှိခဲ့ပါသည်။

၁၉၇၅ ခု၊ ငလျင်ဒဏ်ကြောင့် စဉ့်တံကဲနံရံကြီးမှာ ပြိုကျပျက်စီးသွားပြီး အစိတ်အပိုင်းအနည်းငယ်သာ ကျန်ရှိပါတော့သည်။ ၎င်းကိုလည်း ရှေးဟောင်း သုတေသနဌာနမှ ဓာတ်ဆေးဝါးဖြင့် ထိန်းသိမ်းထားပါသည်။

ငလျင်လှုပ်စဉ်က ပြိုကျ၍ အစိတ်အပိုင်းများဖြစ်သွားသဖြင့် အဆိုပါ အစိတ် အပိုင်းများကိုစုယူ၍ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားရှိပါသည်။

သတ္တဋ္ဌာနခန်း ၇ နေရာအနက် မုစလိန္ဒာအိုင်ပုံမှာ ယခုသတ်မှတ်ထားသော နေရာသည် အနောက်မြောက်ဘက်တွင်တည်ရှိပြီး ဘုရားပေါ်မှကျလာသော မိုးရေ များ ဝပ်ရာနေရာဖြစ်နေပါသည်။ အမှန်မှာ မူလရှိရမည့်နေရာသည် ဘုရား၏ တောင်ဘက်တွင် ရှိဖွယ်ရာရှိပါသည်။ တစ်ချိန်တွင် စမ်းသပ်တူးဖော်ကြည့်ပါက တွေ့ရှိနိုင်ပါသည်။


အပေါ်ထပ် လိုဏ်အရှေ့နံရံတွင် ပထမအင်းဝခေတ် လက်ရေးဖြင့် မင်စာ ၁၃ ကြောင်းရှိပါသည်။ ၎င်းစာတွင် နရပတိစည်သူမင်းကြီး၏သားတော် နားတောင်း များမင်းကြီး၏ ကောင်းမှုဖြစ်ကြောင်း၊ ပုဂံမြို့တွင်း၌ လှူတော်မူခဲ့သော မြေအပိုင်း အခြားအတွက် သမိုင်းရေးခဲ့ကြောင်း၊ ၎င်း၏ကောင်းမှုကို ဖျက်ဆီးသူများအတွက် ကျိန်ခြင်း၊ ဆုတောင်းသစ္စာပြုကြောင်းများကို ရေးထိုးထားကြောင်း တွေ့ရသည်။ တိုက်မပိုင်းတောင်ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် အင်္ဂတေပန်းတန်း များနှင့်ငှက်ရုပ်၊ နတ်ရုပ်များဖြင့် တန်ဆာဆင်ထားသည်။ တောင်ဘက်မျက်နှာတွင် ငှက်ရုပ် ၁၅ ရုပ်၊ နတ်ရုပ် ၃၅ ရုပ်၊ အနောက်ဘက်မျက်နှာတွင် နတ်ရုပ် ၁၀ ရုပ်၊ ငှက်ရုပ်မရှိ၊ မြောက်ဘက်မျက်နှာတွင် ငှက်ရုပ် ၁၈ ရုပ်နှင့် နတ်ရုပ် ၃၅ ရုပ်ရှိပါသည်။




မဟာဗောဓိဘုရား၊ပုဂံမြို့ဟောင်းရှိကြွင်းကျန်သော ဘုရားပေါင်း
အဆူနှစ်ထောင်ကျော်အနက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ
မဟာဗောဓိဘုရားနှင့် အတူဆုံး ပုံဘုရားဖြစ်သည်

မဟာဗောဓိဘုရား၊မြင့်မားသောကွမ်းထောင်ရှည်များ
ရှိ၍ ထူးခြားသောလက်ရာဖြစ်သည်။အေဒီ ၁၂၁၅






မဟာဗောဓိဘုရားရှေ့ဘက်မြင်မတ်ရပ်ပုံ




မဟာဗောဓိဘုရားဘေးဘက်မြင် မတ်ရပ်ပုံ

# ရွှေဆံတော်ဘုရား

အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သော ဘုရားတစ်ဆူဖြစ်သည်။ လေးမျက်နှာတွင် ဂန္ဓကုဋိတိုက်များရှိရာ၊ ၎င်းဂန္ဓကုဋိတိုက်များအတွင်းရှိ သဲကျောက်အမာစားကို ထွင်းထုပြုလုပ်ထားသော ဗုဒ္ဓနှင့်မြတ်စွာဘုရားဟန် ဆင်းတုတော်ကြီးများမှာ အနော်ရထာမင်းကြီးခေတ်လက်ရာများပင်ဖြစ်ပါသည်။

အနော်ရထာမင်းကြီးလက်ထက်တွင် သမာဓိ ( သို့မဟုတ် ) ဗုဒ္ဓမုဒြာဟန် တုတ်တုတ်ခိုင်ခိုင်ထုလေ့ရှိပါသည်။ ကျောက်အမာစားကိုထုလေ့ရှိသည်၊ လက်ဖဝါးနှင့် ခြေဖဝါးများတွင်ကြာဖတ်ဂဖတ်ပါကြာပွင့်များပါရှိပါသည်။ အောက်တွင် ရေမြောင်းပါသော ကျောက်ပြားကြီးများခံလေ့ရှိ၍ ရေသွန်းခံဘုရားများဟုခေါ်နိုင်ပါသည်။ လောကနန္ဒာဘုရား အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းတွင်လည်း အမြင့် ၆ ပေ ခန့်ရှိ ကျောက်တစ်တုံးတည်းရှိသော ကျောက်ဆင်းတုကြီးမှာလည်း အနော်ရထာမင်းကြီးခေတ်လက်ရာနှင့် တထေရာတည်းဖြစ်သည်။ ရွှေဆံတော်ဘုရားအနီး အရှေ့ဘက်တွင်နှစ်ဆူ၊ အနောက်ဘက်တွင် တစ်ဆူတို့မှာလည်း ဗုဒ္ဓမုဒြာဟန် လက်ရာများဖြစ်သည်။

အရှေ့ဘက် ဂန္ဓကုဋိတိုက်နှစ်ဆူအနက် တစ်ဆူမှာ ၁၉၆၈ ခုနှစ်အတွင်းက သဲခဲရှင်း တူးဖော်ရာမှတွေ့ရှိပြီး၊ ယခုအခါ ပုဂံပြတိုက်ကျောက်စာရုံ အမှတ် ( ၁ ) တောင်ဘက်တန်းအနောက်များဆုံးသို့ ပြောင်းရွှေ့ပြသထားရှိသည်။

မြောက်ဘက် ဂန္ဓကုဋိတိုက်မှာမူ ၁၉၆၉ ခုနှစ်အတွင်းက တူးဖော်ရာ အုတ်ဖြင့်ပြီးသော အမြင့် ၁၀ ပေခန့်ရှိ ကျောချင်းကပ်ဆင်းတုတော်ကြီး လေးဆူ တွေ့ရပါသည်၊ ၎င်း ဂန္ဓကုဋိတိုက်မှာ အမိုးမရှိတော့ပြီ။ တစ်ဖန် အနောက်ဘက် ဂန္ဓကုဋိတိုက်မှာမူ အမိုးပြိုပြီးဖြစ်၍ အတွင်းရှိ ကျောက်ဆင်းတုကြီးကို ညောင်ရမ်းခေတ်ခန့်က ဂူဘုရားငယ်တစ်ဆူကို ရေ့ဥပစာ၌ အသစ်တည်၍ ဆင်းတုကြီးကိုရွှေ့ပြောင်းကိန်းဝပ်စေပါသည်။ မူလဂန္ဓကုဋိတိုက်ကြီးအတွင်းတွင်မူ အောက်ခံကျောက်ပြားကြီးကျန်ရှိပြီး ဘေးပတ်လည်တွင် ရေစီးရန် မြောင်းပတ်လည်ပါရှိပါသည်။ အဆိုပါဂန္ဓကုဋိတိုက်နံရံပြုပြင်စဉ်က ရန်ကုန်မြို့ရှိအမျိုးသားပြတိုက်၌ပြသထားသော ကြေးဆင်းတုအကောင်းစားနှစ်ဆူ ရရှိခဲ့ဖူးပါသည်။

ရွှေဆံတော်ဘုရားမှာ ပစ္စယံငါးဆင့်ခံ၍ တည်ထားသည်မှာ တစ်မူထူးခြားပါသည်။ ပစ္စယံပေါ်တွင်ခေါင်းလောင်းပုံ စေတီပေါက်ထားပါသည်။ မျက်နှာလေးဘက်လုံးတွင် နတ်လမ်းလှေကားရှိ၍ ပဉ္စမပစ္စယံထိတက်၍ရပါသည်။ အနောက်ဘက်မျက်နှာ ဒုတိယပစ္စယံဘေးတွင် ဌာပနာတိုက်ထိသွားရသော ဌာပနာတူးသူတို့၏လက်ချက်ဖြင့်အပေါက်တစ်ခုရှိပါသည်။

ရွှေဆံတော်ဘုရားမှာ ၁၉၅၇ ခုနှစ် မတိုင်မီက တစ်ဆူလုံး အုတ်ခဲအနီရောင်ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်တွင် ရွှေဆံတော်တောရကျောင်း ဆရာတော် ဦးဝါယမနာယကပြုလျက် ပုဂံမြို့မှ ဂေါပကအဖွဲ့များက အောက်ပစ္စယံနှစ်ဆင့် ချန်လှပ်၍ အားလုံးကိုပြုပြင်ပြီး အင်္ဂတေအချောကိုင်ထုံးသုတ်လိုက်ရာ စေတီအသစ်ကဲ့သို့ ဖြစ်သွားရပေသည်။ ထိုကဲ့သို့ပြုပြင်စဉ်က ကြေးဆင်းတုတော်ပေါင်း ၅၀ ဆူ ရရှိပြီး ရွှေဆံတော်တောရကျောင်းအနီးတွင် ပေါ်တော်မူဘုရားများဟူ၍ ပြသထားရှိခဲ့ပါသည်။ ယခုအခါ လုံခြုံမှုမရှိသဖြင့် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ရောက်နေပြီဖြစ်ပါသည်။

တစ်ဖန် ၁၉၇၅ ခု လျှင်လှုပ်စဉ်ကလည်း ကြေးဆင်းတု ၉ ဆူထပ်မံရရှိပြီး ယခုအခါပုဂံပြတိုက်အတွင်းပြသထားရှိပါသည်။ ယခင်က ရွှေဆံတော်ဘုရား ပစ္စယံထောင့်များတွင် ကျောက်ဖြင့်ပြုလုပ်ထားသော ကျောချင်းကပ်နတ်ရုပ်များရှိလေသည်။ အကျိုးအပဲ့များဖြစ်၍အရှေ့ဘက်ဂန္ဓကုဋိတိုက်ထဲတွင် သိမ်းဆည်းထားရှိပါသည်။ အချို့မှာ မဟာဝိနာယက ( မဟာပိန္နဲ ) နတ်ရုပ်များပါရှိ၍ ဤဘုရားကို အချို့က မဟာပိန္နဲဘုရားဟူ၍မှတ်သားကြလေသည်။

၎င်းပြင် ရွှေဆံတော်ဘုရား၏အနောက်ဘက်တွင်အလျား ၇၀ ပေရှိတောင်ကိုဦးခေါင်းပြုနေသော လျောင်းတော်မူ ဆင်းတုကြီးတစ်ဆူ ဂန္ဓကုဋိတိုက်နှင့်တကွ ရှိပါသည်။ ၎င်းအတွင်းတွင် မူလနံရံဆေးရေးပန်းချီများရှိသည်။



ရွှေဆံတော်စေတီတော်ကိုအနောက်မြောက်ဘက်မျက်နှာစာမှဖူးတွေ့ရပုံ၊ အေဒီ၁၁ ရာစုစောစောပိုင်း



ရွှေဆံတော်ဘုရား၊ အေဒီ ၁၁ ရာစု


ရွှေဆံတော်ဘုရားအနီးမှ ရွှေသာလျောင်းပုံတော်



ရွှေဆံတော်ဘုရားအတွင်းမှ လျောင်းတော်မူပုံ



ရွှေဆံတော်ဘုရားအတွင်းမှ လျောင်းတော်မူ အလျားလိုက်ဖြတ်ပိုင်းပုံ



# မနူဟာဘုရား

မြင်းကပါရွာအနီးတွင် တည်ရှိပြီး အေဒီ ၁၀၆၇ ခုနှစ်တွင်၊ မွန်ဘုရင်မနူဟာမင်းကြီး တည်ထားခဲ့သည်။ မန္တလေးနန်းတော်တွင်း ကျောက်စာရုံအတွင်းတွင် ကျောက်စာအမှတ်(၉)သည် မနူဟာဘုရားကျောက်စာဖြစ်သည်။


အဆိုပါကျောက်စာအဆိုအရ ဆင်ဖြူ ၃၁ စီးအသျှင်ဖြစ်ထသော နဂါးပြည်က ပေးလာသော ဘကုန်ရေနှင့် ကျက်ထသော၊ ဇကိုမည်သောသား၏ အရေကို စိတန်ရှည်ပွထသော၊ ခြသေ့လက်ဖျံရိုးကို စည်လက်ခတ်ပွထသော သီရိတြိဘဝနာဒိတျ ပဝရ သုဓမ္မရာဇာ မနူဟာမည်သည့် သထုံမင်းကြီးသည် သံသရာ အဆက်ဆက်ကျိုးတော် မူလမပြတ်သေးသရွေ့ မင်းနှင်နှင်ဖြစ်၍ ရန်သူမနိုမ်နင်းနိုင်သည်ဖြစ်၍ အဆုံးစွန်သော နိဗ္ဗာန်ကို ရောက်ချင်သောကြောင့် မနောမယ ဟူသော ကျောက်မျက်ရွဲကို မြင်းကပါသူဌေး၌ရောင်းသော် ငွေအသပြာ ခြောက်လှည်းရ၍ သဘော်ဆိပ်ဖြစ်သော စွယ်တော်ဆိုက်ရာ လောကနန္ဒာအရှေ့ မြောက်ထောင့်၌ သီရိဓမ္မဘုံမိ ဟူသောကုန်း၌ ဘုရားကြီးစွာတည်သည်ဟု ဖော်ပြပါရှိပါသည်။

အဆိုပါကျောက်စာ၌ပင် သက္ကရာဇ် ၄၂၉ ခု ဝါခေါင်လဆန်းနှစ်ရက် ကြာသပတေးနေ့ သရိရဓာတ်တော် မှဌောကိုမ်၍ဘုရားကြီးမှာတည်၏။ ပရိနိဗ္ဗာန်ဝင်တော်မူဟန် ဘုရားကြီးပြု၏၊ ခြောက်လနှင့် ခြောက်ရက် ကြာသပတေးနေ့ပြီး၏။ ဘုရားဝန်းကျင်၌ အုန်း၊ ထန်း၊ သရက်၊ ပိန္နဲပန်းစိုက်၍ လှူတော်မူ၏ ဟူ၍ ဖော်ပြပါရှိပါသည်။

အရှေ့ဘက်တွင် ထိုင်တော်မူဘုရားကြီး ၃ ဆူရှိပြီး အနောက်ဘက်တွင် အလျား ၉၀ ပေရှိ မြောက်သို့ဦးခေါင်းပြု၍ ပရိနိဗ္ဗာန်စံဝင်တော်မူဟန် လျောင်းတော်မူ ဆင်းတုတော်ကြီး တစ်ဆူပါရှိသည်။

အရှေ့ဘက်အလယ် ဆင်းတုတော်ကြီးမှာ အမြင့် ၄၆ ပေရှိပါသည်၊ ဝဲယာ ဆင်းတုတော်နှစ်ဆူမှာ အမြင့် ၃၃ ပေစီရှိသည်။

၁၉၇၅ ခုနှစ် လျှင်ဒဏ်ကြောင့် အရှေ့ဘက် အမိုးကြီးပြိုကျသွားပြီး၊ ဦးခေါင်းတော်ကြီးပါ ပျက်စီးသွားသဖြင့် ပြန်လည်ပြုပြင်ထားပါသည်။ အဆိုပါဆင်းတုကြီးများမှာ ကြီးမား၍ အဆောက်အအုံအတွင်း ပြည့်ကျပ် နေပေသည်။





မနူဟာဘုရားပန္နက်ပုံ



မြင်းကပါမှ မနူဟာဂူဘုရားကြီး၊ အေဒီ ၁၀၆၇

ဘုရားလိုဏ်ဂူအတွင်းမှ အလျား ၉၀ ပေရှိ လျောင်းတော်မူ ဆင်းတုတော်ကြီး






မနူဟာဘုရားအရှေ့ဘက်မြင်မတ်ရပ်ပုံ

ဆွဲပုံ ၃.

# နန်းဘုရား

မနူဟာဘုရားတောင်ဘက်တွင် တည်ရှိပါသည်။ ပုဂံတွင်သဲကျောက်ဖြင့် တည်သော ဘုရားလေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်ပါသည်။ ကျောက် အဆောက်အအုံ ၄ ဆူမှာ –

၁။ ရွှေစည်းခုံဘုရား၊

၂။ ကျောက်ဂူဥမင်၊

၃။ နန်းဘုရား၊

၄။ စက္ကူတိုက် ( ခေါ် ) ကျွဲစွာမင်းကြီး၏ ပိဋကတ်တိုက်အဆောက်အအုံ ( တုရင်းတောင်ခြေတွင်တည်ရှိပြီး ၁၉၅၆ ခုနှစ်ခန့်ကပြို၍ ဓာတ်ပုံမှတ်တမ်းသာ ကျန်ပါသည် )။

နန်းဘုရားမှာ အတွင်းတွင် ရိုးရိုးမြေအုတ်များစီပြီး အပြင်နံရံတစ်ခုလုံးကို သဲကျောက်များဖြင့် တည်ဆောက်ထားပါသည်။ နန်းဘုရားမှာ သထုံဘုရင် မနူဟာမင်းနေထိုင်ခဲ့သည့် နန်းတော်ရာတွင် ၎င်း၏မြစ်တော်ဖြစ်သော နာဂသမန်းက တည်ခဲ့သည်ဟု အစဉ်အလာဆိုပါသည်။

နန်းဘုရားမှာ အေဒီ ၁၁ ရာစု နောက်ပိုင်း ( သို့ ) ၁၂ ရာစု စောစောပိုင်း တည်ခဲ့သည်ဟုခန့်မှန်းရပါသည်။

၎င်းဘုရား၏ ထူးခြားချက်မှာ လိုဏ်အတွင်း၊ တိုက်မကြီးအတွင်း တိုင်မကြီးလေးခုတွင် ကျောက်ဆစ်ရုပ်ကြွဗြဟ္မာကြီး ၈ ရုပ်နှင့် သုံးထောင့်ပုံ ဘီလူးပန်းကိုက်ပန်းကြွလက်ရာများမှာ အလွန်ကောင်းပါသည်။ အဆိုပါ ဗြဟ္မာရုပ်ကြီးများမှာ ကြာပလ္လင်ပေါ်တွင်မိုက်ရွဲစွာဖြင့်ထိုင်ပြီး မျက်နှာသုံးဘက်ဖော်ထားပါသည်။ ကြာရိုး ကြာနွယ်၊ ကြာဖူး၊ ကြာပွင့်များအကြား ထိုင်နေဟန် လှပစွာထုထားပါသည်။ အံ့ဩဖွယ်ကောင်းသည်မှာ ကျောက်များကိုအုတ်စီသကဲ့သို့ အဆက်ပျောက်အောင် သေချာစွာစီပြီးမှ ဖောင်းကြွတွင်းထုထားခြင်းဖြစ်လေသည်။

၎င်းဗြဟ္မာရုပ်ကြီးများ၏ အထက်တွင် ဘီလူးပန်းဆွဲတန်းကိုလည်း အနုစိတ်ထုထားသည်မှာ နေလုံမိုးလုံဖြစ်၍ အကောင်းအတိုင်း ကြွင်းကျန်တည်ရှိပါသေးသည်။ ဘီလူးပန်းဆွဲတန်းနှင့် ကြာဖတ်တန်းမှာလည်း မူလသုတ်ထားသော ဆေးရောင်များ ကြွင်းကျန်ပါသေးသည်။


အလယ်တွင် အုတ်ပလ္လင်ခုံတစ်ခုရှိပြီး ရုပ်တုဆင်းတုလုံးဝမကျန်ရစ်တော့ပါ။ မူလက ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကြေး ( သို့ ) ကျောက်ဆင်းတုထားဟန် လက္ခဏာရှိပါသည်။ အချို့ပညာရှင်များက ယူဆသည်မှာ ပလ္လင်ခုံမှာနိမ့်သဖြင့်လည်းကောင်း၊ ဗြဟ္မာရုပ်ကြီးများရှိသဖြင့်လည်းကောင်း၊ တည်ဆောက်ပုံမှာ ဟိန္ဒူအဆောက်အအုံနှင့် တူနေသဖြင့်လည်းကောင်း ဗြဟ္မဏဘာသာဆိုင်ရာ အဆောက်အအုံ ဖြစ်နိုင်သည်ဟု ယူဆကြပါသည်။

အမှန်စင်စစ် ဗုဒ္ဓဘာသာ အဆောက်အအုံတစ်ခုသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုဂံရှိ နံရံဆေးပန်းချီများ၌ အများအားဖြင့် မြတ်စွာဘုရား၏ ဝဲယာတွင် ဗြဟ္မာနှင့်သိကြား ခြံရံလျက်ရေးဆွဲလေ့ရှိပါသည်။ ဗြဟ္မာသည် မြတ်စွာဘုရားအား ထီးမိုးလိုက်ရသော ( Attendant ) ဖြစ်သည်။ ဗြဟ္မာရုပ်တွေ့တိုင်း ဟိန္ဒူအဆောက်အအုံဟူ၍ ယူဆမရပါ။

ဥပမာ ရွှေဆံတော်ဘုရား အရှေ့ဘက် မြေဘုံသာဘုရားလှအတွင်း အလယ်မဏ္ဍိုင်ပတ်လည်တွင် မြတ်စွာဘုရား၏ ဘဝတစ်ခုလုံးကို ဗုဒ္ဓဝင်လေးမျိုးဖြင့် ဖော်ပြထားပါသည်။ မြောက်မျက်နှာတွင် ဖွားတော်မူခန်း၊ တောင်မျက်နှာတွင် ဓမ္မစကြာတရားဟောတော်မူခန်း၊ အနောက်မျက်နှာတွင် ပရိနိဗ္ဗာန်ပြုခန်း စသည်ဖြင့်ဖော်ပြထားသော ရုပ်တုဆင်းတုကြီးများ၏ အောက်ပလ္လင်ပတ်လည်တွင် တင်ပျဉ်ခွေရှိခိုးနေဟန် ကျောက်ဗြဟ္မာရုပ် ၅၁ ရုပ်ဖြင့် တန်ဆာဆင်ထားပါသည်။ ၎င်းမှာ ဗြဟ္မာသနပလ္လင်ဖြစ်သည်။ ၎င်းမြေဘုံသာဘုရားလှမှာ ဗုဒ္ဓဘာသာ ဘုရားကျောင်းအစစ်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာ အဆောက်အအုံ အတွင်းဆုံး ဂန္ဓကုဋိတိုက်တွင် မြတ်စွာဘုရားပုံ ထုလုပ်ထားပါသည်။ ၎င်းအပြင် အစဉ်အလာအားဖြင့် နန်းဘုရားမှာ မနူဟာမင်း၏ မြစ်တော် နာဂသမန်း အမတ် တည်သည်ဟု ဆိုပါသည်။ နာဂသမန်းမှာ ဗုဒ္ဓဘာသာဝင် သထုံ မနူဟာ မင်းကြီးမှ ဆင်းသက်ပေါက်ဖွားလာသော ဗုဒ္ဓဘာသာဝင် မြစ်တော်တစ်ဦး ဖြစ်ပေသည်။ ၎င်းပြင် ဘုရားအပြင်ဘက် အခြေပတ်လည်တွင်လည်းအခြားသော ဗုဒ္ဓဘာသာ အဆောက်အအုံများဖြစ်သော မြင်းကပါ ဂူပြောက်ကြီး၊ အပယ်ရတနာ၊ ဖြတ်စရွှေဂူ စသော ဗုဒ္ဓဘာသာ အဆောက်အအုံများကဲ့သို့ အောက်ခြေ ကလသာ အိုးပုံခံ၍ တည်ထားခြင်း ဖြစ်လေသည်။ ထိုမှအပ ကလသာအိုး၏ အထက်တွင် ကြာနှုယ်ပန်း၊ ကနုတ်ပန်းများ ကြားတွင် မွန်အထိမ်းအမှတ် ဟင်္သာရုပ်များပတ်လည် ထွင်းထု တန်ဆာဆင်ထားသည်ကို လေ့လာ တွေ့ရှိနိုင်ပါသည်။ စာပေါက်ပြတင်းများကိုလည်း ကျောက်အုတ်များဖြင့်စီထားပြီး အပေါက်ပတ်လည်တွင် ကျောက်ဆစ်ပန်းကြွများ ထွင်းထုထားပါသည်။

ပြတင်းပေါက်များ၏ အထက်တံကဲ၌ ပုဂံဗိသုကာလက်ရာ ထုံးစံအတိုင်း တစ်ဘက်တစ်ချက်စိုင်ဘောင်တွင် မကရ်းပုံ၊ အလယ်ရှိ ငှက်မျောဖူးတွင် သိရိနတ်သမီးရုပ်ပုံ၊ တံကဲအလယ်တွင် ပန်းပြောက်များပါသော ပဝါစီးထားသည့် ကလသာအိုးပုံများကိုအသေးစိတ်ထွင်းထုထားသည်ကိုလေ့လာတွေ့ရှိနိုင်ပါသည်။



နန်းဘုရားပန္နက်ပုံ



နန်းဘုရားကျောက်အဆောက်အအုံ၊ အေဒီ ၁၁ ရာစု



နန်းဘုရားရှေ့မျက်နှာစာဘက်မှကွမ်းတောင့်ပိုင်းကျောက်ဆစ်လက်ရာ

နန်းဘုရားကျောက်ပြတင်းနှင့်အထက်တံကဲ
ပန်းတမော့ကျောက်ဆစ်လက်ရာတံကဲ
အလယ်ကွက်၌ပန်းများဝေကျနေသော
ကလသာအိုးပုံ





နန်းဘုရားနံရံမှ ခြူးပန်းခြူးနွယ်များ၊ ၄င်းတို့ကြားတွင် ဟင်္သာငှက်ပုံများ
ထွင်းထုထားသည်။ ကျောက်ဆစ်ပန်းတမော့လက်ရာဖြစ်သည်

နန်းဘုရားအာရုံခံနှင့်တိုက်မကြားရှိထောင့်နှင့်
ချင်မိတ်တိုးအထက်ခြူးပန်းခြူးနွယ်များ
အကြားရှိဟင်္သာပန်းတန်းကိုတွေ့မြင်နိုင်သည်






နန်းဘုရားအတွင်းမှ တိုင်မထောင့်ရှိ
ဘီလူးပန်းကိုက်ပုံ ကျောက်ဆစ်လက်ရာ၊
အေဒီ ၁၁ ရာစု

နန်းဘုရားအတွင်း တိုင်မကြီး ၄ ခုတွင် ထွင်းထုထားသော ဘီလူးပန်းဆွဲနှင့်
ဘီလူးပန်းကိုက်ပုံပန်းတမော့ကျောက်ဆစ်လက်ရာ
အေဒီ ၁၁ ရာစု




နန်းဘုရားအတွင်းတိုင်မကြီး ၄ ခုရှိ ဗြဟ္မာကြီးရှစ်ရုပ်အနက်မှ မျက်နှာသုံး ဖက်ပါ ဗြဟ္မာရုပ်ကြီး။ ကြာရိုး၊ ကြာစွယ်၊ ကြာပွင့်များကြားတွင် ထိုင်နေဟန် ထွင်းထုထားသည် ပန်းတမော့ကျောက်ဆစ် ဖောင်းကြွလက်ရာ ဖြစ်သည်
အေဒီ ၁၁ ရာစု







နန်းဘုရားအလျားလိုက်ဖြတ်ပိုင်းပုံ



နန်းဘုရားအရှေ့ဘက်မျက်နှာစာပုံ



Southern façade

နန်းဘုရားတောင်ဘက်မျက်နှာစာပုံ

# မြင်းကပါဂူပြောက်ကြီး

မြင်းကပါရွာအနီးရှိ မြစေတီဘုရားအနောက်ဘက် ကပ်လျက်တွင် တည်ရှိသည်။ မြင်းကပါ ဂူပြောက်ကြီးဘုရားကို အေဒီ ၁၁၁၃ ခုနှစ်တွင် ရာဇကုမာရမင်းသား တည်ထားခဲ့သည်။ မြစေတီကျောက်စာ ပါဠိမျက်နှာအရ ကြောင်းရေ ၃၁ မှ ၃၂ တို့တွင် –

၃၀။ တတောသောထံမဟာ မဇ္ဈောဗိမ္ဗံသောဝ

၃၁။ ဣယံသုဘံပတိဋ္ဌာပိယကာရေသိဂုဟံ ကဥ္စနတူပိကံ

၃၂။ ကတွာနမင်္ဂလံ ဗုဒ္ဓပတိမာယဂုဘာယဧ

မင်းသားလည်းဖြစ် အမတ်လည်းဖြစ်သော ရာဇကုမာရသည် ရွှေအထွတ်မှု သောဂူကို ပြုလုပ်စေပြီး ရွှေဆင်းတုတော်ကိုလည်းကောင်း၊ ဂူကိုလည်းကောင်း ပူဇော်ခြင်းမင်္ဂလာပြုပြီး၍ ဟူ၍ ပါသောကြောင့် ရာဇကုမာရကျောက်စာရှိသော နေရာ၏ အနီးအနား၌ ဤဂူတစ်ဆူသာရှိသဖြင့် မြင်းကပါ ဂူပြောက်ကြီးဘုရားကို ရာဇကုမာရတည်ထားပြီး ကျန်စစ်သားမင်းကြီးအတွက် ပြုလုပ်လှူဒါန်းသော ရွှေဆင်းတုကိုဌာပနာသည် ဟုယူဆနိုင်ပါသည်။ မြင်းကပါဂူပြောက်ကြီးမှာ ပုဂံတွင် ထင်ရှားကျော်ကြားသော အနုပညာလက်ရာစုံသည့် ဂူဘုရားတစ်ဆူဖြစ်ပါသည်။

ဗိသုကာလက်ရာအနေဖြင့် – ပုဂံခေတ်ဦးပိုင်း ဂူဘုရားတစ်ဆူဖြစ်ပြီး အထဲသို့ အလင်းရောင် အနည်းငယ်သာဝင်စေပါသည်။ ဤကဲ့သို့ အလင်းရောင် အနည်းငယ်သာဝင်စေသဖြင့် နံရံဆေးရေးပန်းချီအရောင်များ လွင့်သွားမှုကို လျော့ပါးစေပါသည်။ အောက်ခြေကလသာအိုးပုံနှင့် အမိုးစောင်း ( Curvilinear roof ) နှင့် ဆင်းတုကြီးကို အမိုးအထက်ပိုင်း ( Dormer Window ) မှ အလင်းရောင်ပေးပုံတို့မှာ ပုဂံခေတ်ဦးပိုင်း လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

အင်္ဂတေပန်းလက်ရာ – ကျောက်ပြတင်းများ၏ အထက်တွင် ဘုရား၏ ပုံစံငယ်အဖြစ် မှန်တံကဲ ပန္နယ်ဆင့်များနှင့် အပေါ်တွင် စေတီပေါက်ထားသောလက်ရာများမှာ အလွန်ကောင်းပါသည်။ ဖောင်းလုံးပန်း၊ ဘီလူးပန်းဆွဲဒေါင့်ပန်းတို့မှာလည်း လက်ရာကောင်းမွန်ပါသည်။

ကျောက်ဆစ်လက်ရာ – မြင်းကပါဂူပြောက်ကြီး ဘုရားအတွင်းတွင် မှန်ကပ်ချိုင့်ပေါင်း ၃၄ ခုရှိရာ ယခုကျောက်ဆင်းတု ၁၉ ဆူကျန်ရှိပါသေးသည်။ ကျောက်စာပြတင်းပေါက်များရှိ အပေါက်ပုံစံတို့အား သစ်ရွက်ပုံ၊ ညောင်ရွက်ပုံ၊ စကြာပုံများအမျိုးမျိုးဖောက်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ တိုက်မပိုင်းတွင် နံရံတစ်ဘက်လျှင် သုံးပေါက်စီ စုစုပေါင်း ၉ ပေါက်နှင့် အာရုံခံပိုင်းတွင် နှစ်ပေါက် စုစုပေါင်း ၁၁ ပေါက်ရှိပါသည်။

နံရံဆေးရေးပန်းချီ – ပုဂံတွင် ဆေးရေးပန်းချီအကောင်းစားများရှိသော ဂူဘုရားများအနက် တစ်ဆူအပါအဝင် ဖြစ်ပါသည်။ ၁၉၈၄ ခုနှစ်မှ စတင်၍ ( UNDP/ UNESCO PILOT PROJECT ) အဖြစ်ဖြင့် နိုင်ငံခြားမှကျွမ်းကျင်သူ ပညာရှင်များမှ ဒေသခံလုပ်သားများအား နံရံဆေးရေးပန်းချီ ထိန်းသိမ်းမှုလုပ်ငန်း လက်တွေ့ အတတ်ပညာများ အနီးကပ်သင်ကြားကာဆောင်ရွက်လာရာ ၁၉၉၁ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါသည်။

နံရံဆေးရေးပန်းချီများ မှေးမှိန်နေသည်ကို ဓာတ်ဆေးဝါးများဖြင့် ဆေးကြောသန့်စင်ခြင်း၊ နံရံနှင့်ကွာနေသည်ကို ကော်ထည့်၍ ခိုင်မာအောင် ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးထိုးခြင်း၊ အနားသတ်ခြင်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါသည်။ နိုင်ငံခြားမှ ပေးပို့လိုက်သော သတ္တုလိုင်းလျှောနှင့် မီးမောင်းများလည်းထိုးပြနိုင်ရန် တပ်ဆင်ပြီးစီးသွားပြီဖြစ်ပါသည်။ ဤကဲ့သို့ ဆေးကြောသန့်စင်လိုက်ခြင်းအားဖြင့် ယခင်ကမဖော်ထုတ်နိုင်ခဲ့သော ကောသလမင်းအိပ်မက် ၁၆ ချက်ဆိုင်ရာ ပန်းချီကွက်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ အဆိုပါကောသလမင်းကြီး၏ အိပ်မက် ၁၆ ချက်မှာ ပုဂံတွင်ရှိသော ဘုရားများအနက် နှစ်ဆူသာရှိ၍ ရှားပါးပန်းချီကားလက်ရာဖြစ်ပါသည်။

ငှင်းပြင် ပြောက်နံရံအထက်ပိုင်းတွင် ပထမသင်္ဂါယနာတင်ခန်း၊ ဒုတိယသင်္ဂါယနာတင်ခန်း၊ တတိယသင်္ဂါယနာတင်ခန်း ပန်းချီကားကွက်ကြီးများမှာ

ပုဂံတွင် ဂူပြောက်ကြီးဘုရား၌သာ တွေ့ရပါသည်။ ထိုမှအပ အနောက်မြောက်ထောင့် ပြတင်းပေါက်၏ အနောက်နံရံတွင် နန်းတော်ရှေ့တွင် တရားခေါင်းလောင်းချိတ်ဆွဲထားသော တရားသဖြင့်အုပ်စိုးသည့် သီဟိုဠ်နိုင်ငံမှ ဧဠာရမင်းကြီးအကြောင်း ပန်းချီကားကြီးမှာလည်း ဤတစ်ပုံသာ ပုဂံတွင် တွေ့ရ၍ မြင်းကပါ ဂူပြောက်ကြီးဘုရားတွင်သာ ရှားရှားပါးပါးတွေ့ရပါသည်။

ငါးရာငါးဆယ်ဇာတ်ကွက်ကြီးများမှာလည်း ပုဂံတွင် အကွက်အကြီးဆုံးဖြစ်ပြီး တစ်ကွက်လျှင် ( ၁' ၅" ) x ( ၁' ၅" ) ရှိပါသည်။ အသောကမင်းကြီးနှင့် ပတ်သက်သော ပန်းချီကားကွက်များ၊ သီဟိုဠ်နိုင်ငံရှိ ဒေဝါနံပိယတိဿမင်းနှင့် ရှင်မဟိန္ဒတို့ အမေးအဖြေခန်းများလည်း ရှားပါးပန်းချီအဖြစ် လေ့လာတွေ့ရှိပါသည်။ ဘုရားရှင်သည် ရဟန်းတို့အား ဝိနည်းကိုဟောနေဟန်ပုံများ၊ ဗိမ္ဗိသာရမင်းကြီး ရာဇဂြိုဟ်ပြည်တည်ဆောက်ခဲ့ပုံ၊ ဘုရားရှင်သည် အဘယ္ဗရ သရက်သီးကို အသုံးပြုတော်မူဟန်ပုံ၊ ဘုရားရှင်သည် တိတ္ထိတို့အား တန်ခိုးပြာဋိဟာ ပြတော်မူဟန်ပုံ၊ တိတ္ထိတို့ တန်ခိုးပြာဋိဟာပြနေကြဟန်ပုံ၊ ဘုရားရှင်တာဝတိံသာမှ ဆင်းသက်ဟန်ပုံ၊ စန္ဒကူးတောအုပ်တွင် ဘုရားရှင်သည် အဘိဓမ္မာတရားတော်များကို အရှင်သာရိပုတ္တရာအား ဟောကြားဟန်ပုံ၊ အရှင်သာရိပုတ္တရာသည် သူ၏ တပည့်ရဟန်း ငါးရာအား အဘိဓမ္မာတရားတော်များကို ရှင်းလင်းဟောကြားဟန်ပုံ၊ သက်သမြို့တော်၏ တံခါးဝ၌ ဘုရားသည် တရားဟောနေဟန်ပုံ၊ ပသေနဒီ ကောသလမင်း၏ စားသောက်ပုံ၊ မာရ်နတ်အောင်ခန်းကို ပြသောပုံ၊ တူရိယာနှင့် ဆိုင်သောပုံများနှင့် ဓားနှစ်လက်နှင့်ကနေပုံများ၊ တစ်ဦးကမုံတီး၍ တစ်ဦးက ကနေဟန်ပုံများလည်းရှိသည်။ အာရုံခံမြောက်ဘက်နံရံလိုဏ်အတွင်းတွင် ဝိမာနဝတ္ထု၊ ပေတဝတ္ထု ဆိုင်ရာပန်းချီပုံများလည်းရှိသည်။ ဂန္ဓာကုဋိတိုက် အဝင်ဝဲယာရှိ လက် ( ၁၄ ) ဖက်နှင့်ကိရိယာအမျိုးမျိုးကိုင်နေဟန် နတ်ရုပ်ကြီးများမှာ ဆေးကြောသန့်စင်ပြီးသောအခါ မူလဆေးရောင်များပေါ်လာ၍ အလွန်လှပါသည်။

မုခ်အဝင်ဝဲယာတွင် လက်ဆယ်ဖက်နှင့် မတ်ရပ်နတ်ရုပ်ကြီးများ၏ အထက်တွင် ပြဟ္မာပုံကြီးများလည်းရေးဆွဲထားသည်ကို တွေ့ရှိနိုင်ပါသည်။


မြင်းကပါဂူပြောက်ကြီးဘုရား၊ အေဒီ ၁၁၁၃



မြင်းကပါဂူပြောက်ကြီးဘုရား တောင်ဘက်မျက်နှာစာမြင်ကွင်း၊ အေဒီ ၁၁၁၃



မြင်းကပါဂူပြောက်ကြီးဘုရားကိုအရှေ့ဘက်မျက်နှာစာမှတွေ့ရပုံ၊အေဒီ ၁၁၁၃

မြင်းကပါဂူပြောက်ကြီးတောင်ဘက်နံရံ
အထက်ပိုင်းမှဘီလူးပန်းဆွဲလက်ရာ၊ဖောင်းပန်း
နှင့်ပြတင်းတံကဲပန်း၊ပန်းတော့်လက်ရာများ





မြတ်စွာဘုရား တာဝတိံသာမှ ဆင်းဟန် ဆေးရေးပန်းချီ

ဂူပြောက်ကြီးဘုရားအတွင်းမှ ပထမသင်္ဂါယနာတင်ခန်း ဆေးရေးပန်းချီ



မြင်းကပါ ဂူပြောက်ကြီးဘုရား အရှေ့တောင်
ထောင့်နံရံမှ အင်္ဂတေပန်းတော့လက်ရာ
အေဒီ ၁၁၁၃ ခု






မြင်းကပါဂူပြောက်ကြီးဘုရား ဂန္ဓကုဋီတိုက်အတွင်းမှ ဗုဒ္ဓဆင်းတုပုံ
အဝင်ဝဲယာတွင် လက် ၁၄ မက်ရှိ ဆေးရေးပန်းချီ နတ်ရုပ်ပုံ နှစ်ပုံ
ကိုလည်း တွေ့ရသည်




မြင်းကပါ ဂူပြောက်ကြီးဘုရား တောင်ဘက် ပြတင်းပေါက်ပုံ၊ ပြတင်းမှာ ကျောက်ပြားနှစ်ချပ် စပ်၍ အပေါက်များထွင်းဖောက်ထားသည်။ ၎င်းအထက်တွင် ဂူဘုရားအငယ်စားပုံ တည်ဆောက်၍ အင်္ဂတေပန်းများဖြင့် တန်ဆာ ဆင်ထားသည်







မြင်းကပါ ဂူပြောက်ကြီးဘုရား တောင်ဘက် ပြတင်းပေါက်များကို ပုံစံအမျိုးမျိုးဖြင့် ထွင်းဖောက်ထားပြီး အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားသည်




မြင်းကပါ ဂူပြောက်ကြီးဘုရား တောင်ဘက်မြင် မတ်ရပ်ပုံ




မြင်းကပါ ဂူပြောက်ကြီးဘုရား အနောက်ဘက်မြင် မတ်ရပ်ပုံ




မြင်းကပါ ဂူပြောက်ကြီးဘုရား အလျားလိုက် ဖြတ်ပိုင်းပုံ

# အပယ်ရတနာဘုရား

မြင်းကပါရွာတောင်ဘက်၊ ပုဂံမြို့သစ်သို့သွားသော ကတ္တရာလမ်း အနောက်ဘက်ဘေးရှိ ဘုရားစုအတွင်းတွင် တည်ရှိသည်။

ကျန်စစ်သားမင်းကြီး မင်းမဖြစ်မီအချိန်က စောလူးမင်းရန်ကြောင့် ထွက်ပြေးစဉ် နဂါးရုံဘုရားတည်သည့်နေရာတွင် ပုန်းအောင်းနေစဉ် အပယ်ရတနာမိဖုရားထမင်းပို့သည့်နေရာ၌ မင်းဖြစ်သည့်အခါတွင် ချစ်မြတ်နိုးသောမိဖုရားကြီး အထိမ်းအမှတ်အဖြစ်တည်ထားခဲ့ကြောင်း၊ အပယ်ရတနာဘုရားအရှေ့တောင်ဘက် ကပ်လျက်ရှိသော သက်တော်ရှည်ဘုရားအတွင်း ရေးထားသော မင်းစာအရ သိရပါသည်။

ဘုရား၏ပုံသဏ္ဍာန်မှာ အောက်ခြေ ကလသာအိုးပုံနှင့် အမိုးစောင်းများကို လေ့လာရခြင်းအားဖြင့်လည်းကောင်း၊ နံရံဆေးရေးပန်းချီများနှင့် ပြတင်းပေါက်များကို လေ့လာရခြင်းအားဖြင့်လည်းကောင်း၊ အေဒီ ၁၁ ရာစုစောစောပိုင်းက ပုံပန်းသဏ္ဍာန် ဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

အပေါ်အထွဋ်စေတီပုံမှာလည်း သီဟိုဠ်ပုံစေတီနှင့် ပုံစံတူပါသည်။ အပယ်ရတနာဘုရားမှာ အချိုးအစားကျသော ဂူဘုရားဖြစ်ပြီး မြောက်ဘက်သို့ မျက်နှာမူသော ဘုရားဖြစ်ပါသည်။ ပုဂံတွင် နံရံဆေးရေးကောင်းရှိသော ဂူဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်ပါသည်။


နံရံဆေးရေးပန်းချီလက်ရာများအနေဖြင့် ထူးခြားသည်မှာ ဤဂူဘုရားအတွင်းတွင် မဟာယာနဆိုင်ရာ ပန်းချီများ၊ ထေရဝါဒဆိုင်ရာ ပန်းချီများ၊ ဗြဟ္မဏဘာသာဆိုင်ရာ နတ်ရုပ်များကို စီးတော်ယာဉ်များနှင့်တကွ စုံလင်အောင် ရေးဆွဲထားပါသည်။

အနောက်နံရံ၌ မြတ်စွာဘုရားတရားဟောရာတွင် ရဟန်းပရိသတ်၊ မင်းပရိသတ်၊ လူပရိသတ်ဟူ၍ အတန်းအစားခွဲခြား၍ထိုင်ပြီးတရားနာနေကြဟန်ပုံကို သရုပ်ဖော်ထားပါသည်။ အပြင်နံရံပတ်လည်တွင် ခြေတစ်ဖက်တစ်ဖက်ချကြာပလ္လင်ပေါ်တွင် ထိုင်နေသော အခြံအရံနှစ်ဦးပါသည့် ဗောဓိသတ္တဘုရားလောင်းပုံများကို အချိုးအစားကျနစွာ ရေးဆွဲထားသည်ကို တွေ့ရပါသည်။ အပေါ်တန်းတွင် မဟာယာနဆိုင်ရာရုပ်ပုံများ၊ ကျောက်ဂူများအတွင်းနေထိုင်သော ပုဂ္ဂိုလ်မျိုးစုံပုံများကို အသေးစိတ်ရေးဆွဲထားပါသည်။

ဂန္ဓကုဋိတိုက်အပြင်နံရံပတ်လည်တွင် ကြေးမုံပြင်ကဲ့သို့ လက်ကိုင်ရိုးနှင့် ရေးဆွဲထားသော အဝိုင်းကွက်များအတွင်းတွင် ယမုနာမြစ်စောင့်နတ်သမီး၊ ဂင်္ဂါမြစ်စောင့်နတ်သမီးပုံ၊ လေနတ်သား၊ လနတ်သားပုံ၊ ဗိဿနိုး၊ သိဝမြဟ္မာ စသော ဟိန္ဒူနတ်ရုပ်များကို စီးသောယာဉ်များနှင့်တကွ ရေးဆွဲထားပါသည်။ အာရုံခံမြောက်နံရံဝင်ပေါက်ရှိ ဝဲယာတွင် ၅၅၀ ဇာတ်ကွက်များကို မင်စာများနှင့်တကွ ရေးဆွဲထားပါသည်။

UNDP UNESCO Project လုပ်ငန်းအဖြစ် နံရံဆေးပန်းချီများ ဆေးကြောသန့်စင် ပြီးစီးသွားပြီဖြစ်သည်။

အပယ်ရတနာဘုရား ပန္နက်ပုံ



ABEYADANA TEMPLE
plan



အပယ်ရတနာဂူဘုရား၊ အေဒီ ၁၁ရာစု



အပယ်ရတနာဘုရားစုကို မယ်တော်ရပ်ဘုရားပေါ်မှတွေ့ရပုံ၊ အနီးတစ်ဝိုက်တွင် နတ်ကြီးဘုရားနှင့်
သက်တော်ရှည်ဘုရားတို့ကိုတွေ့ရသည်၊ အေဒီ ၁၁ ရာစု



အပယ်ရတနာဂူဘုရား၊ ဘုရားရှေ့တွင် နတ်ကြီးဘုရားကိုတွေ့ရသည်
အေဒီ ၁၁ ရာစု




အပယ်ရတနာဘုရားကို မယ်တော်ရပ်ဘုရားပေါ်မှ
ဖူးတွေ့ရစဉ်




အပယ်ရတနာဘုရားအတွင်းမှ ဗောဓိသတ္တ
ဘုရားလောင်းပုံ နံရံဆေးရေးပန်းချီလက်ရာ
အေဒီ ၁၁ ရာစု။



ခြူးပန်းခြူးနွယ်များဖြင့် တန်ဆာဆင်ထားသော ဆင်ပေါ်သို့
ခြသေ့်နင်းထားဟန်ပုံထွင်းထုထားသည့်ပန်းတော့လက်ရာ




အပယ်ရတနာဘုရား အနောက်ဘက်မြင် မတ်ရပ်ပုံ




အပယ်ရတနာဘုရား အလျားလိုက်ဖြတ်ပိုင်းပုံ

## ရွှေဂူကြီးဘုရား

ရွှေဂူကြီးဘုရားမှာ သဗ္ဗညုဘုရားကြီး၏မြောက်ဘက်တွင် တည်ရှိပါသည်။ နန်းတော်ဦးတွင် တည်ထားသောဘုရားဖြစ်၍ နန်းဦးဘုရားဟူ၍လည်း ခေါ်ကြပါသည်။

၎င်းဘုရား၏မြောက်ဘက်နှင့်အနောက်ဘက်တွင် တူးဖော်ထားသော အောင်မြေကုန်း နန်းတော်ကြီးရှိပါသည်။ ရွှေဂူကြီးဘုရားကို ၁၁၄၁ အေဒီတွင် အလောင်းစည်သူမင်းကြီးတည်ထားခဲ့သည်။ အမြင့် ၁၂ ပေရှိအုတ်ခုံမြင့်ကြီးပေါ်တွင် တည်ထားခဲ့ခြင်းမှာ မင်းကြီး၏ စေတနာဘုန်းသမ္ဘာကြောင့် မိုးပွင့်သဖွယ်မြေမှ ရုန့်ရုန့်ပေါ်ထွက်လာဟန် တည်ထားခဲ့သည်ဟုဆို၏။ ကွမ်းထောင်ပေါက်ဂူဘုရားကြီးဖြစ်ပြီး အာရုံခံမြောက်လှည့်ပါသည်။ အုတ်ခုံကြီးပတ်လည်တွင် စဥ့်စိမ်းရောင်သုတ် အုတ်ကြွပ်ပြားများဖြင့် တန်ဆာဆင်ထားပါသည်။ ၎င်းပြင် စိန်တန်းပတ်လည်တွင် မူလက အုတ်အင်္ဂတေဖြင့်ပြုလုပ်သောနတ်ရုပ်များရှိသည်။ ယခု တောင်မျက်နှာစိန်တန်းများတွင် အကောင်းသုံးခုကျန်ရှိပါသေးသည်။ အပေါ်တက်ရန် အနောက်မြောက်ထောင့်တွင် လှေကားတစ်စင်းနှင့် အုတ်ခုံကြီးပေါ်တက်ရန် အနောက်မြောက်ထောင့်တွင် ကျောက်လှေကားရှိပါသည်။ ရွှေဂူကြီးဘုရားအပေါ် ပစ္စယာစိန်တန်းများနှင့် မုန်ကွက်များ၊ ဘုရားအခြေပတ်လည်မုန်ကွက်များတွင်လည်း အစိမ်းရောင် စဥ့်ချပ်များဖြင့် တန်ဆာဆင်ထားပါသည်။

လိုဏ်အတွင်း အလယ်မဏ္ဍိုင်လေးမျက်နှာတွင် အုတ်အင်္ဂတေဖြင့် ဆင်းတု ၄ ဆူရှိပါသည်။ တိုက်မအတွင်း မြောက်နံရံပေါက်၏ဝဲယာတွင် မူလထိုး ပါဠိကျောက်စာနှစ်ချပ်ကို နံရံတွင်မြှုပ်၍ထားပါသည်။ အနောက်ဘက်ကျောက်စာမှာ စာကြောင်းရေ ၄၇ ကြောင်း၊ အရှေ့ဘက်ကျောက်စာမှာ စာကြောင်းရေ ၄၅ ကြောင်းရှိသည်။ အဆိုပါကျောက်စာမှာ ပါဠိကဗျာလင်္ကာပုဒ်ရေ ၁၀၀ ဖြင့် ဖွဲ့သီကျူးထားကြောင်းသိရသည်။ ပါဠိကျောက်စာ၏အဆုံးတွင် သက္ကရာဇ်ဘာသာဖြင့် ၂ ကြောင်းပါရှိပါသည်။မှတ်သားဖွယ်ကောင်းသည်မှာ ဘုရားစတင်တည်သောနေ့စွဲနှင့် ပြီးဆုံးသည့်နေ့စွဲများပါရှိသဖြင့် ဘုရားကိုတည်ဆောက်မှုအချိန်မှာ ၇ လမျှသာကြာကြောင်း သိရှိရပါသည်။

ကျောက်စာအောက်ဆုံးနှစ်ကြောင်းမှာ သသ်ကရိုက်ဘာသာဖြင့် အဆုံးသတ်ထားပြီး "သက္ကရာဇ် ၅၀၃ ခု၊ ကဆုန်လဆုတ် ၄ ရက်၊ တနင်္ဂနွေနေ့၌ တည်ထားပြီး သက္ကရာဇ် ၅၀၃ ခု၊ နတ်တော်လဆုတ် ၁၁ ရက်၊ တနင်္လာနေ့၌ ရွှေဂူကြီးကို ပြီးစီးအောင်မြင်အပ်၏"ဟူ၍ပါရှိသဖြင့် စုစုပေါင်း ၇ လနှင့် ၇ ရက်သာကြာကြောင်း အတိအကျသိရပါသည်။

၎င်းအပြင် ကျောက်စာအရ ဒါယကာအလောင်းစည်သူမင်းကြီး၏ဘွဲ့အမည်မှာ "သိရိတိဘုဝနာဒိတျပဝရဓမ္မရာဇာ" ဟူ၍သိရပါသည်။ ၎င်းပြင် မင်းကြီးမှာ နိဗ္ဗာန်ရွှေပြည်မြို့သို့ရောက်လိုသောဆန္ဒဖြင့် ဘုရားကိုစွကိုပြီးဆုံးစေ၍ သတိ၊ပညာ၊သမာဓိ၊လုံ့လနှင့်ပြည့်စုံသော၊ဘုရားဆုကိုရှာမှီးသော၊ရတနာသုံးပါးကို မှီခိုသော၊ နိဗ္ဗာန်ကိုရှာမှီးသော မင်းကြီးဟူ၍ ပါရှိပါသည်။

ထိုမှအပ အလောင်းစည်သူမင်းကြီး၏ ဖြစ်စေလိုသောဆန္ဒ၊ မေတ္တာတရားကိုလည်း ဖော်ပြပါရှိသည်။

ဥပမာ- မြတ်စွာဘုရားသာသနာတော်၌ မိမိအကျိုးကိုလည်းကောင်း၊ သူတစ်ပါးအကျိုးကိုလည်းကောင်း၊ ပြီးနိုင်ရပါလို၏ဟူ၍လည်းကောင်း၊သူ့ကျေးဇူးကိုလည်း သိနိုင်ပြေနိုင်ရပါလို၏ဟူ၍လည်းကောင်း၊ ဆင်းရဲသောဘဝသမုဒ္ဒရာမှ လုံ့လဖြင့် ကယ်နိုင်ရပါလို၏ဟူ၍လည်းကောင်း၊ အရိမေတ္တယျဘုရားသည် လူ၊နတ်တို့ပူဇော်လှူကြ် များစွာသောဂုဏ်တို့ဖြင့် တင့်တယ်သကဲ့သို့ ငါသည်လည်း လူနတ်တို့ပူဇော်အပ်သည်ဖြစ်၍ များစွာသောဂုဏ်တို့ဖြင့်တင့်တယ်ရပါလို၏ဟူ၍လည်းကောင်း ဆန္ဒပြုခြင်း၊ ဆုတောင်းခြင်းများ ဖော်ပြပါရှိပါသည်။ ဘုရားထောင့်ပန်းများ၊ မုခ်တံကဲများနှင့် အလယ်မဏ္ဍိုင်တို့တွင် မူလအင်္ဂတေပန်းများ လှပစွာ တန်ဆာဆင်ထားပါသည်။

အာရုံခံ မြောက်ဘက်၊ အနောက်ဘက်၊ တောင်ဘက်မုခ်တို့ပေါ်တွင် တစ်ဖက်တင် တစ်ဖက်ချ ဒွါရပါလနတ်ရုပ်နှစ်ရုပ်စီရှိသည်။ တိုက်မပိုင်းတွင် တစ်မျက်နှာလျှင် လေသာပြတင်း ၂ ခုစီ၊ ပေါင်း ၆ ခု ရှိပါသည်။

သစ်သားပန်းပုလက်ရာ။ တိုက်မ အရှေ့မုခ်၊ အနောက်မုခ်၊ တောင်ဘက်မုခ် အာရုံခံနှင့် တိုက်မအကူးမုခ်တို့တွင် ဘုရင့်နောင်မင်းတရားကြီး၊ ရွှေဂူကြီးဘုရားပြုပြင်စဉ်က တပ်ဆင်ခဲ့သော သစ်သားတံခါးကြီးများ ကျန်ရှိပါသေးသည်။ ၎င်းသစ်သားတံခါးရွက်ကြီးများ၏ထိပ်တွင် စာမရိုင်ငှက်ရုပ်များ ကျန်ရှိပါသည်။ အနောက်ဘက်တံခါးမှာ ပြည့်စုံသေးသည်။ တောင်ဘက်သစ်သားတံခါးတွင် အနောက်ဘက်စာမရိုင်ငှက်ရုပ်တစ်ရုပ်သာ ကျန်ရှိသေးသည်။ အရှေ့မုခ်တွင် တောင်ဘက်တံခါးရွက်တစ်ခုသာကျန်ပါသည်။

နံရံဆေးရေးပန်းချီလက်ရာ။ တိုက်မနံရံများတွင် မူလက နံရံပန်းချီဆေးရေး လက်ရာများရှိခဲ့သော်လည်း ထုံးသုတ်ထားသဖြင့် ရေးရေးသာမြင်ရပါတော့သည်။ တစ်ချိန်တွင် ၎င်းထုံးများကို ချေးချွတ်သန့်စင်ဆေးကြောပါက ပေါ်လာဖွယ် ရှိပါသည်။

မြောက်ဘက်ဂန္ဓကုဋိတိုက်အတွင်း ဆင်းတုတော်ကြီးအထက် ပေါက်ထားသော ဆေးရေးပန်းချီများမှာ ကုန်းဘောင်ခေတ်ဆေးရေးဖြစ်ပါသည်။ အဆိုပါ ဆေးရေးနှင့်တစ်ခေတ်တည်း မင်းစာ ၁၃ ကြောင်းဘောင်နှင့်တကွဆင်းတုကြီး၏ ဝဲဘက်နံရံအထက်ပိုင်းတွင်ရှိသည်ကို လေ့လာဖတ်ရှုနိုင်ပါသည်။

ရာဇဝင်သမိုင်းများ၏အဆိုအရ အလောင်းစည်သူမင်းကြီး နာမကျန်းဖြစ်နေ၍ သားတော်အငယ်ဖြစ်သူ နရသူသည် နန်းဦးဘုရားဖြစ်သော ရွှေဂူကြီးဘုရားအတွင်းသို့ပို့ထား၏။ ထို့နောက် အဝတ်ခေါင်းအုံးတို့ဖြင့် ဖိသတ်လေသဖြင့် အလောင်းစည်သူမင်းကြီး နတ်ရွာစံရှာလေသည်ဟု ရာဇဝင်တွင်ခဲ့ပါသည်။ ပုဂံခေတ်နောက်ပိုင်း တောင်ငူဟံသာဝတီခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်အား စည်းရုံးတည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၉၁၃ ခုနှစ်တွင် ရွှေဂူကြီးဘုရားအားပြုပြင်ခြင်း၊ မုခ်ပေါက်များတွင် ပန်းပုရုပ်ကြွများနှင့် သစ်သားတံခါးကြီးများ တပ်ဆင်ခဲ့လေသည်။

၎င်းပြင်အာရုံခံအတွင်း အနောက်တောင်ထောင့်တွင် ဘုရင့်နောင် ရေးထိုးကျောက်စာ ၁၁ ကြောင်း၊ သက္ကရာဇ် ၉၁၃ ခုပါသောကျောက်စာတိုင်တစ်တိုင် စိုက်ထူခဲ့ပါသည်။

ကျောက်စာတွင် (ဘဝရှင်မင်းတရား နောင်တော်မင်းဖြစ်တော်မူလျှင် တိုင်းနိုင်ငံတွင် ဖြစ်သရွေ့သော ကျောင်း၊ တန်ဆောင်း၊ အမွေသင်္ကာရဲကို လွှတ်တော်မူသည်။ ကင်းဆိပ်လည်း အစဉ်အတိုင်းကိုသာ ဆောက်စေသည်။ သည်အတိုင်းကလွန်၍ ကောက်သူတို့သည် ဘုရားမြတ်စွာသာသနာကိုလည်း ဖျက်သည်၊ ပြည်သူလူရဟန်းတို့ကိုလည်း ဖျက်သည်မည်၏) ဟူ၍ ဖော်ပြပါရှိလေသည်။




ရွှေဂူကြီးဘုရား၊ အေဒီ ၁၁၄၁




အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ရွှေဂူကြီးဘုရား



ရွှေဂူကြီးဘုရား၊ နောက်ဘက်တွင် သဗ္ဗညုဘုရားကိုတွေ့ရသည်၊ ရှေ့ဘက်တွင် အောင်မြေကုန်းနန်းတော်ရာ တူးဖော်ပြီးအုတ်ရိုးနံရံများ




ရွှေဂူကြီးဘုရား အလျားလိုက် မတ်ရပ်ပုံ



ရွှေဂူကြီးဘုရား နောက်ဘက်အမြင့်ပုံ

# ဓမ္မရံကြီးဘုရား

"ထု-ဓမ္မရံ၊ ဉာဏ်-သဗ္ဗညု၊ အနု-အာနန္ဒာ"ဟူသော ဆိုရိုးစကား ရှိသည်နှင့်အညီ ထုထည်ပမာဏအားဖြင့် အကြီးမားဆုံးဖြစ်သောဘုရားမှာ ဓမ္မရံကြီး ဂူဘုရားကြီးပင်ဖြစ်သည်။

၁၁၇၀ အေဒီတွင် နရသူမင်းသည် သုံးနှစ်အတွင်းတည်သည်ဟုဆိုသည်။ အဘယ့်ကြောင့်ဆိုသော် နရသူမင်းမှာ သုံးနှစ်သာ ပုဂံတွင်စိုးစံခဲ့သည်။ ပုံသဏ္ဌာန်မှာ အဝေးမှကြည့်ပါက သုံးထောင့်ပုံအီဂျစ်ပြည်ရှိ ပိရမစ်ပုံသဏ္ဌာန်နှင့် ဆင်တူပါသည်။

ပန္နက်ပုံမှာ နရသူမင်းကြီး၏ဘိုးတော် ကျန်စစ်သားမင်းကြီးတည်ထားခဲ့သော အာနန္ဒာဘုရား၏ ပန္နက်ပုံ ကြက်ခြေခတ်ပုံသဏ္ဌာန်နှင့် ဆင်တူပါသည်။ စင်္ကြံ ပတ်လည်နှစ်ထပ်နှင့် အာရုံခံလေးဘက်ပါရှိပါသည်။ သို့ရာတွင် အတွင်းစင်္ကြံပတ်လမ်းအား မုခ်ပေါက်များနှင့် ရောင်လင်းပေါက်အားလုံးအား အကြောင်းတစ်ခုခုကြောင့် ဘုရားပြီးလျှင်ပြီးချင်း ပြန်ပိတ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်ပိတ်သောအုတ်အရွယ်အစားနှင့် မူလအရွယ်အစားမှာ တစ်ရွယ်တည်းဖြစ်ပါသည်။ ၎င်းပြင် ပိတ်သောအပေါက်နှင့် နံရံကိုကိုင်သော အင်္ဂတေအချောကိုင်ထားသည်မှာ တစ်ဆက်တည်း၊ တစ်မျိုးတည်းဖြစ်သည်ကို လေ့လာတွေ့ရှိရခြင်းအားဖြင့် ပြန်ပိတ်သောအုတ်ရိုးများနှင့် အင်္ဂတေများမှာ မူလကတည်းကပင် ပြန်ပိတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

အချို့ပညာရှင်များ၏အယူအဆမှာ ဘုရားအပေါ်ပိုင်း၏ထုထည်ပမာဏမှာ ကြီးမားသဖြင့် အောက်တွင် လိုက်ခေါင်း များပြားနေပါက နောင်အရှည်သဖြင့် ခိုင်ခံ့မှုမရှိနိုင်သဖြင့် တောင့်တင်းခိုင်မာစေရန် အတွင်းပတ်လမ်း၊ မုခ်ပေါက်နှင့် ရောင်လင်းပေါက်များအား ပြန်ပိတ်ထားဖွယ်ရာရှိသည်ဟု [illegible]ပါသည်။

အချို့ကလည်း အထဲတွင် တစ်ခုခုမြှုပ်နှံသိုဝှက်ထားပြီး ပိတ်ထားဖွယ်ရာ ရှိသည်ဟု ယူဆကြပါသည်။ အချို့ပညာရှင်များကလည်း နရသူမင်းမှာ ဖခင်အား သတ်ခဲ့မိခြင်း၊ နောင်တော်ဖြစ်သူ မင်းရှင်စောအားသတ်ခဲ့မိခြင်း၊ မိဖုရား ပဲသိတာအား သတ်ခဲ့မိခြင်း စသည့်မကောင်းမှုကျူးလွန်မှုများကို ပပျောက်စေရန် ပြန်ပိတ်ခဲ့ပြီး အရှေ့ဘက်မျက်နှာဆင်းတုကြီးရှိရာအချိုင့် ဂန္ဓကုဋိတိုက်ကိုမူ ပိတ်ထားခြင်းမရှိပါ။ ကျန်သုံးဘက်တွင် အတွင်း၌ ဆင်းတုကြီးများရှိလေမည်လား ဟု၍ တွေးဆရပါသည်။

ဤဘုရား၏ထူးခြားချက်မှာ အုတ်စီလက်ရာပင်ဖြစ်သည်။ မြေနိမ့်ဖြင့်စီ သော်လည်း အုတ်အစီအနင်းကောင်းသဖြင့် ငလျင်ဒဏ်အကြိမ်ကြိမ်ခံရသော်လည်း ထိခိုက်မှုမရှိပါ။ ပေါင်းကူးများ၊ နံရံထောင့်များတွင် သံကျောက်များကို ကျင်တွယ်ပုံ ခုတ်လိုး၍ ယခုခေတ် ကြံ့ခိုင်ရေးသံကူကွန်ကရစ်ထည့်သကဲ့သို့ ထောင့်များတွင် မြှုပ်ထည့်လေ့ရှိပါသည်။ ထောင့်လေးသောင့်တွင်လည်း နံရံနှစ်ခုကို တွဲဆက်နေစေရန် ထောင့်ချုပ်ပေါင်းကူးကြီးများကိုလည်း ပြုလုပ်ထားပါသည်။

အုတ်စီလက်ရာမှာ ဘုရားတွင်သာမက တံတိုင်းတွင်လည်း ကောင်းပါသည်။ အုတ်ဆက်များတွင် အပ်ထိုးမရအောင် စေ့နေပါသည်။ အချို့အဆက်များမှာ လုံးဝပင်မမြင်ရလောက်အောင် စေ့စပ်သေချာလှပါသည်။

ပုဂံတွင် ဓမ္မရံကြီးဘုရားကဲ့သို့ပင် မင်းတည်သောဘုရားကြီးများဖြစ်သ[illegible] သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ထီးလိုမင်းလို၊ ပြဿဒါးကြီးဘုရားတို့မှာလည် ထိုနည်း၎င်းပင်၊ အုတ်စီလက်ရာအလွန်ကောင်းလှပေသည်။ ထောင့်တိုင်များတွင် လည်း ထောင့်ချုပ်ကျောက်များထည့်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ထောင့်တိုင်များမှာ မျဉ်းမတ်ဖြောင့်တန်းနေပါသည်။ ယင်းပြင် ထောင့်များမှာ အောက် [illegible] ိပ်အထိ တစ်ဖြောင့်တည်း၊ တစ်တန်းတည်းဖြစ်အောင် ပြုလ[illegible] ထ

ဤဂူဘုရားကြီးမှာ မောင်းမလည် ခေါ် ချင်မိတ်တိုးတန်းတစ်ခုမှာ အဝင် အထွက် အကွေ့အကောက်များဖြင့် လှလျှောက်ရအောင် နံရံအမြင့် တစ်ဝက်ခန့်တွင် ပြုလုပ်ထားကြောင်း လက်ကိုင်တန်းထည့်သောသံကိုင်းများ မြှုပ်သော ကျောက်တုံးကျောက်ပြားများ၊ အပေါက်များ သက်သေအထောက်အထားအဖြစ် ကြွင်းကျန်ရစ်ပါသည်။

**နံရံဆေးရေးပန်းချီ**

မူလနံရံဆေးရေးပန်းချီများမှာ နံရံအထက်ပိုင်း ပန်းဆွဲတန်းများ၊ ပေါင်းကူးပေါင်ပန်းများ၊ တိုင်မကြီးများတွင် ဆင်းတုတော်ပုံကြီးများရှိပါသည်။ အရှေ့ဘက်ဆင်းတုတော်ကြီး၏နောက်ခံတံကဲမှာ ကုန်းဘောင်ခေတ်ဦးပိုင်း ပန်းချီဆင်စွယ်ဝှန်းယှက်ပုံဖြစ်ပါသည်။ ဆင်းတုတော်ကြီးမှာလည်း ကုန်းဘောင်ခေတ်တွင်ပြုလုပ်ထားသောလက္ခဏာရှိပါသည်။ အရှေ့ဘက်အာရုံခံအတွင်းရှိ ကျောက်ဆင်းတုတော်ကြီးမှာ တစ်တုံးတည်းသော ကျောက်အမာစားကို ထုထားသော ရှားနမှဖြာဟန်ဆင်းတုတော်ကြီးတစ်ဆူဖြစ်သည်။အနော်ရထာမင်းလက်ရာ ဆင်းတုတော်ကြီးများ၏ ပုံပန်းသဏ္ဍာန်နှင့် တူပါသည်။ အရှေ့ဘက်အာရုံခံအတွင်းမှ အပေါ်ထပ်သို့တက်ရန် ကြောင်လိမ်လှေကားရှိသည်။

**အင်္ဂတေပန်းလက်ရာ**

ပြတင်းတံကဲများ၊ မုခ်တံကဲကြီးများတွင် အင်္ဂတေပန်း၊ အင်္ဂတေရုပ်ကြီးများရှိပါသည်။ အပေါ်ဆင့်တံကဲနှင့် အောက်ဆင့်တံကဲများကြားတွင် ကလသာအိုးပုံကြီးများရှိပြီး ကြာပွင့်ထည့်ထားသည့်သဏ္ဍာန်ပြုလုပ်ထားသည်။

ဓမ္မရံကြီးဘုရားမြောက်အာရုံခံအတွင်းတွင် လေးထောင့်ကျောက်စာတိုင်တစ်တိုင်ရှိပြီး အစောလတ်ဆိုသူက သက္ကရာဇ် ၅၂၇ ခုနှစ်တွင် မြေ၊ နွား၊ ဥယျာဉ်၊ ကန်၊ ကျွန်များလှူဒါန်းကြောင်း မှတ်တမ်းစာရင်းကြီး ရေးထိုးထားသည်။

အနောက်ဘက်အာရုံခံအတွင်းတွင်လည်း ဓမ္မရံသိုင်မင်းဆရာ **ပဏ္ဍိတ်ဟူ၍** တပါသောကျောက်စာနှစ်ချပ်လည်းရှိပါသေးသည်။ အဆိုပါကျောက်စာ**အရ** ပုဂံခေတ်ကတည်းက ဓမ္မရံဘုရားခေါ်ကြောင်း အထောက်အထားဖြစ်ပါသည်။ ဓမ္မရံကြီးဘုရားတံတိုင်းဝင်းအတွင်း အနောက်မြောက်ထောင့်ရှိ အုတ်ကျောင်းတွင် သိတင်းသုံးနေသော ဓမ္မရံသိုင်ကို ဆိုလိုဟန်ရှိပါသည်။ ဓမ္မရံကြီးအမည်နှင့် ပတ်သက်၍ အချို့ပညာရှင်များကယူဆသည်မှာ ဓမ္မရံသိ (ဓမ္မ = တရား၊ ရံသိ = ရောင်ခြည်) တရားရောင်ခြည်မှ ဓမ္မရံကြီးဖြစ်လာသည်ဟု ယူဆကြပါသည်။ ကြီးဟူသောစကားမှာ ဘုရားကြီးလျှင် ခေါ်လေ့ရှိပါသည်။

ဥပမာ– စေတနာကြီး၊ ပြဿဒါးကြီး စသည်တို့ဖြစ်ပါသည်။



ဓမ္မရံကြီးဘုရား၊ အေဒီ ၁၂ ရာစု



ဓမ္မရံကြီးဘုရား၊ အေဒီ ၁၂ ရာစု၊ ရှေးမျက်နှာစာတွင် မြေဘုံသာဘုရားလှ ဘုရားစုပုံကို တွေ့ရသည်



ဓမ္မရံကြီးဘုရားအား အနောက်မြောက်ဘက်မှ တွေ့မြင်ရပုံ



ဓမ္မရံကြီးဘုရားအရှေ့ဘက်မျက်နှာဂန္ဓကုဋိတိုက်
အတွင်းမှ ထိုင်တော်မူဆင်းတုတော်ကြီးနောက်ခံ
ဆင်ရွှယ်ဝန်းယှက်နံရံဆေးရေးပန်းချီလက်ရာမှာ
ကုန်းဘောင်ခေတ်ဦးပိုင်းလက်ရာဖြစ်သည်

ဓမ္မရံကြီးဘုရားကို မြောက်ဘက်တံတိုင်းမုခ်ကြီးအတွင်းမှ ဖူးတွေ့ရစဉ်






ဓမ္မရံကြီးဘုရားကို အနောက်မြောက်ဘက်မျက်နှာစာမှ တွေ့မြင်ရပုံ၊ အလင်းအမှောင်
ယှက်ထားသောထောင့်မှာ တဖြောင့်တည်း ဖြစ်နေသည်ကို တွေ့မြင်နိုင်သည်

ဓမ္မရံကြီးဘုရား အထက်ဆင့် တံကဲအတွင်းရှိ
ကလသာအိုးပုံ ဖောင်းကြွ အုတ်ကို ထွင်းထု
ထားသည့်လက်ရာ






ဓမ္မရံကြီးဘုရား တောင်ဘက်မျက်နှာစာပုံ

# ထီးလှိုမင်းလှိုဘုရား

ထီးလှိုမင်းလှိုဘုရားကို အေဒီ ၁၂၁၈ခုနှစ်တွင် ဇေယျသိခ်ံ၊နားတောင်းများမင်း၊ ထီးလှိုမင်းလှိုဟူ၍ သုံးမည်ရမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်ဟု သိရ၏။

အစဉ်အလာစကားအဆိုအရ နရပတိစည်သူမင်းကြီးတွင် သားတော် ငါးယောက်ရှိရာ သားတစ်ဦးကို အိမ်ရှေ့အရာပေးလိုသဖြင့် သားငါးယောက်၏ အလယ်တွင် ထီးဖြူကိုစိုက်ပြီး ထီးဖြူဦးညွတ်ရာဘက်သို့ကျသည့်မင်းသားသည် အိမ်ရှေ့အရာပေးမည်ဖြစ်ရာ ဇေယျသိခ်ံမင်းသားဘက်သို့ ထီးဖြူညွတ်ကျသဖြင့် အိမ်ရှေ့အရာရသည်။ ထိုမင်းသားသည် ထီးဖြူစိုက်ထူသည့်နေရာတွင် မင်းဖြစ်သောအခါ ထိုဘုရားကို တည်ထားသည်ဟုဆိုသည်။

ထီးလှိုမင်းလှိုဘုရားမှာ လိုဏ်သုံးဆင့်ရှိဘုရားကြီးဖြစ်သည်။ အလယ်လိုဏ်မှာ လှျို့ဝှက်မှောင်ပတ်လမ်းဖြစ်သည်။ ကြောင်လိမ်လှေကားထိပ်ရှိ လှျို့ဝှက်ပေါက်မှ တစ်ဆင့် သွားရပါသည်။

စေတီတော်မြတ်နှင့် တံတိုင်းရှိ အုတ်စီလက်ရာများမှာ အလွန်ကောင်းမွန် သည်။ သစ်သားတန်းမပါသောလေးထောင့်ပေါင်းကူးများလည်း တွေ့ရှိနိုင်သည်။ ...ကြားချက်မှာ သဲကျောက်ပေါ်တွင် အစိမ်းရောင်နှင့် အဝါရောင်စဉ့်သုတ်ပြား ...ဖြင့် ...န်ဆာဆင်ထားသည်မှာ နေရောင်တွင်တဖိတ်ဖိတ်တောက်ပစေပါသည်။ သဲကျောက်ပေါ်တွင် စဉ့်သုတ်လက်ရာမှာအလွန်ရှားပါးပါသည်။ မီးအပူရှိန်ပြင်းစွာ ပေးရသဖြင့် သဲကျောက်မကွဲအောင်ပြုလုပ်ထားသည်မှာ ပညာသားပါလှပေသည်။ ငှင်းပြင် အစိမ်းရောင်အတွင်း အဝါရောင်မှန်ကူကွက်များ ထည့်သည်မှာ

ငှင်းပြင် အထက်ချင်မိတ်တိုးတန်းအောက်ဘက်တွင် အောက်မှပင့်မ၍ ထောက်ခံထားသောကျောက်တုံးတန်းမှာ အပေါ်ထပ်၊ အောက်ထပ်နှစ်ထပ်စလုံးတွင် အသုံးပြုထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ထောင့်တိုင်းတွင်လည်း သဲကျောက် ကို ကျင်တွယ်ပုံသွင်းပြီး ခိုင်မာအောင်မြှုပ်ထားလေ့ရှိ၏။ ထောင့်တိုင်းတွင် အချွန်ပုံ သဲကျောက်တုံးများကို ထည့်သွင်းလေ့ရှိသည်။ ဒေါင်လိုက်စီသောအုတ်ရိုးတန်းတိုင်းတွင် သဲကျောက်တုံးများထည့်သွင်း၍ တာရှည်ခိုင်ခံ့စေရန် ထည့်သွင်းထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

စကြံပတ်လမ်းမျက်နှာကြက်တို့တွင် မူလလက်ရာဖြစ်သော နံရံပန်းချီများနှင့် ဇာတာခွင်များ၊ နံရံမင်စာများကို လေ့လာတွေ့ရှိနိုင်သည်။

ထီးလှိုမင်းလှိုဘုရားပေါ်မှ နံနက်ပိုင်းအချိန်တွင် အစုလိုက်အပြုံလိုက်တည်ထားသော အနောက်ဘက်ဘုရားစုများမြင်ကွင်းကို သဗ္ဗညု၊အာနန္ဒာဘုရားများနှင့်တကွ နောက်ခံမြင်ကွင်းကို တွေ့မြင်နိုင်သည်။ အပေါ်ထပ်လိုဏ်ဂူတွင် ဗုဒ္ဓရုပ်ပွားဆင်းတု ၄ ဆူ၊ အောက်ထပ်လိုဏ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတု ၄ ဆူရှိပါသည်။အောက်ထပ် လိုဏ်မဏ္ဍိုင်ပတ်လည်တွင် ယခင်ကကျောက်ဆင်းတုရုပ်ပွားများထားသောမုခ်ကပ် အချိုင့်ပေါင်း ၂၂ ခုရှိသည်။

၁၉၇၅ ခု၊ ငလျင်လှုပ်စဉ်က ထီးလှိုမင်းလှိုဘုရား ကွမ်းထောင်ပြိုကျရာမှ တစ်ပေအရှည်ရှိသံချောင်းများ၊ ကြေးကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ဖန်ကြုတ်များ ရရှိခဲ့မှုရာ ယခုအခါ ပုဂံပြတိုက်အတွင်းတွင် ပြသထားရှိပါသည်။

...ခေါ် အင်္ဂတေပန်းလက်ရာများမှာ အထူး
နေပြင့်လည်း အာရုံခံအမိုးပေါင်းကူးများမှာ
...းတွင် အခေါင်းပြုလုပ်ထားရှိသည်။



ထီးလှိုမင်းလှိုဘုရား – အနောက်မြောက်မှ
မြင်ရသောမြင်ကွင်း၊ အေဒီ ၁၃ ရာစု



ထီးလှိုမင်းလှိုဘုရား၊ အပေါ်ထပ်လိုက် စိန်တန်းများ၌ စဥ့်ကွင်းများကို တွေ့နိုင်သည်၊ အေဒီ ၁၃ ရာစု



ထီးလိှုမ်င်းလိှုဘုရားကို ရွှာဟောင်းကြီးဘုရားပေါ်မှ ဖူးတွေ့ရပုံ

ထီးလိှုမ်င်းလိှုဘုရားပေါ်ရှိ အပေါ်ထပ်လိုက်သို့ တက်သော လှေကားနှစ်စင်းပုံ မိသုကာ လက်ရာ





ထီးလိုမင်းလိုဘုရား မြောက်ဘက်စင်္ကြံလမ်းနှင့် ဗုဒ္ဓဆင်းတုပုံ

ထီးလိုမင်းလိုဘုရားအရှေ့တောင်ထောင့်မှ စေတီရံဘုရားသုံးဆူ






ထီးလှိမ်းလှိုဘုရားမှ ချင်မိတ်တိုတန်းအောက်တွင် ပင့်ထောက်၍ခံထားသော သဲကျောက်တုံးတန်းနှင့် ဘီလူးပန်းဆွဲတန်း အင်္ဂတေပန်းတော့လက်ရာ

ထီးလှိမ်းလှိုဘုရားအခြေရှိ အုတ်များအတွင်း ခိုင်မာအောင် ကျောက်ညှပ်စီထားပုံနှင့် မှန်ကွက်များအတွင်း၌ အဝါရောင်နှင့် အစိမ်းရောင် စဉ့်သုတ်ထားသော သဲကျောက်ပြားများဖြင့် တန်ဆာဆင်ထားပုံ– အေဒီ ၁၃ ရာစု



ထီးလှိုမင်းလိုဘုရားမှ အပေါ်ထပ် စိန်တန်းများ၊ ၄င်းတို့ကို အစိမ်းရောင် အတွင်း အဝါရောင်ထည့်သွင်းထားသော စဉ့်သုတ်သဲကျောက်ပြား များဖြင့် တန်ဆာဆင်ထားသည်





ထီးလှိုမင်းလို အပေါ်ထပ်လိုက်ထောင့်တိုင်ဖုံးပန်း ၊ အင်္ဂတေပန်းတော့လက်ရာ ဘီလူးပန်းကိုက်နှင့် ခြူးပန်းများ

ထီးလိုမင်းလိုဘုရားပြတင်းတံကဲ







ထီးလိုမင်းလိုဘုရားအရှေ့ဘက်မုခ်ဝပန်းဆွဲ

ထီးလိုမင်းလိုဘုရားမှ
ဒွါရပါလနတ်ရုပ်ထားသည့်မုခ်ဝဆောင်






ထီးလိုမင်းလိုဘုရား မြေညီထပ် ပန်းကပ်ပုံ




ထီးလိုမင်းလိုဘုရား မြောက်ဘက်မြင် မတ်ရပ်ပုံ

# မင်္ဂလာစေတီဘုရား

ပုဂံမြင်းကပါရွာသွားလမ်း အနောက်ဘက်တွင် တည်ရှိပြီး ရွှေစည်းခုံစေတီတော်ပြွတ်ပုံစံမျိုးဖြစ်သည်။ အစဉ်အလာအရ နရသီဟပတေ့မင်းကြီးသည် ရွှေစည်းခုံစေတီတော်ပြွတ်ပုံစံအတိုင်း အေဒီ- ၁၂၈၄ ခုနှစ်တွင်တည်ထားခဲ့သည်ဟုသိရှိရ၏။

အောက်ခံအုတ်ခုံစကြံကြီးပေါ်တွင်တည်သည့်မှအပ အားလုံးလိုလို တူညီကြောင်းသိရသည်။

မင်္ဂလာစေတီဘုရားတွင် ထူးခြားချက်မှာ စေတီရံများတွင် စဉ့်စိမ်းစဉ့်ဝါများဖြင့် သုတ်လိမ်းထားသောအုတ်များဖြင့် စီထားသည်ကိုလေ့လာတွေ့ရှိနိုင်၏။ ပစ္စယာသုံးဆင့်ပေါ်တွင် စဉ့်ရည်သုတ် မြေမီးဖုတ် ဇာတ်ငါးရာ့ငါးဆယ့် ရုပ်ချပ်ကြွများဖြင့် အတင့်အတယ်တန်ဆာဆင်ထားရှိသည်။

အုတ်ခုံကြီးအရှေ့ဘက်မျက်နှာတွင် နတ်ဒေဝါများ ဘုရားပူဇော်လာဟန်ပုံများ၊ တောင်ဘက်မျက်နှာတွင် ဘီလူးများ ပူဇော်လာကြဟန်ပုံများ၊ အနောက်ဘက်တွင် နဂါးများပူဇော်လာကြဟန်ပုံများ၊ မြောက်ဘက်တွင်ဂဠုန်များပူဇော်လာကြဟန်ပုံများကို မုခ်ကူကွက်များတွင် တန်ဆာဆင်ထားရှိသည်။

မင်္ဂလာစေတီတံတိုင်းဝင်းအတွင်း၌ ကုလားကျောင်းများရှိခဲ့ရာ အချို့မှာ အကောင်းပကတိရှိပြီး အချို့မှာအုတ်ကုန်းများဖြစ်နေပေပြီ။ အရှေ့မြောက်ထောင့်တွင် သိဟိုဠ်ပုံစေတီငယ်တစ်ဆူလည်းရှိသည်။

အုတ်ခုံပေါ် အနောက်ဘက်မျက်နှာရှိ ကျောက်စာဂူအတွင်းမှ ရှင်ဒိသာပါမောက္ခ ကျောက်စာတစ်ချပ်ကို ရရှိခဲ့ပြီး ယခုအခါ ပုဂံပြတိုက် ကျောက်စာရုံ အမှတ်(၁)အတွင်း အမှတ်(၁၁၀) အဖြစ် စိုက်ထူထားရှိသည်။

မင်္ဂလာစေတီမှာနရသီဟပတေ့(ခေါ်)တရုတ်ပြေးမင်းလက်ထက်တည်စေတီတစ်ဆူဖြစ်ပြီး၊ ပုဂံခေတ်နောက်ပိုင်းတွင် ယင်းပုံစံကို နမူနာယူ၍ မြန်မာပြည်အလုံးတွင် စေတီပုထိုးများ တည်ဆောက်လေ့ရှိကြောင်းသိရှိရ၏။



မင်္ဂလာစေတီဘုရား



မင်္ဂလာစေတီဘုရားနှင့် ဧရာဝတီမြစ်ကြောင်းကို သဗ္ဗညုဘုရားပေါ်မှ တွေ့မြင်ရပုံ၊ အေဒီ ၁၃ ရာစု



သမ္ဗညုဘုရားပေါ်မှတွေ့ရသည့် ရတနာမာရ်အောင်စေတီနှင့် ဘုရားစု

# ပုဂံရှေးဟောင်းသုတေသနပြတိုက်

ပုဂံမြို့၊ ရှေးဟောင်းသုတေသနပြတိုက်သစ်မှာ ကန်တော့ပလ္လင်ဂူဘုရားကြီး၏ တောင်ဘက်တွင် တည်ရှိသည်။ ၁၉၇၉ ခု၊ အောက်တိုဘာ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြသထားရှိသည်။ပြတိုက်မှာ တနင်္လာနေ့နှင့်အစိုးရရုံးပိတ်ရက်များမှ အပ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀ ထိဖွင့်လှစ်ထားရှိသည်။

ရှေးဟောင်းသုတေသနပြတိုက်ဟောင်းမှာ အာနန္ဒာဘုရားမြောက်ဘက် ကပ်လျက်တွင်တည်ရှိပြီး ၁၉၀၄ ခုနှစ်က စတင်ဖွင့်လှစ်ပြသခဲ့ပါသည်။ အဆိုပါ ပြတိုက်ဟောင်းမှာ နောက်ထပ်စုဆောင်းရရှိလာသောရှေးဟောင်းပစ္စည်းများဖြင့် ပြည့်ကျပ်နေပြီး ခေတ်မီပြတိုက်သစ်တစ်ခုဆောက်လုပ်ရန်လိုအပ်လာသဖြင့် ၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ပြတိုက်မှာ ရှေးဟောင်းပစ္စည်းများ ပြသရန် ရှစ်မြှောင့်အဆောက်အအုံတစ်ခုနှင့် ရုပ်တုဆင်းတုများနှင့်အရေးကြီးသော ကျောက်စာများစိုက်ထူထားရှိရန် ကျောက်စာရုံ ၃ ရုံ တည်ဆောက်ခဲ့သည်။

ရှစ်မြှောင့်ပြတိုက်ကြီးအလယ်တည့်တည့်တွင် ပုဂံသမိုင်းဆိုင်ရာအရေးပါသော ရာဇကုမာရကျောက်စာတိုင်ကို စိုက်ထူထားရှိသည်။ စပါးလုံးတစ်ထောက်ခန့် အရွယ် ရုပ်ကြွများဖြင့် လက်ရာပြောင်မြောက်စွာ ထုလုပ်ထားသော အဋ္ဌကုဗုဒ္ဓဝင်ရုပ်ပွားဆင်းတုများနှင့် ကြေးကြာဖူး၊ အဝတ်စပန်းချီအစိတ်အပိုင်းများ အစရှိသည်တို့ကို ပြခန်းအတွင်း၌ ပြသထားရှိသည်။

အခြားသောပစ္စည်းများမှာ သမိုင်းမတင်မီခေတ် ကျောက်လက်နက်များ၊ ကြေးလက်နက်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အေဒီ ၁၁ ရာစုမှ ၁၃ ရာစု အတွင်း လက်ရာများဖြစ်သော ကျောက်ဗုဒ္ဓဆင်းတု ရုပ်ပွားတော်၊ ကြေးဗုဒ္ဓဆင်းတုများ၊ သစ်သားဗုဒ္ဓဆင်းတုများ၊ ပုဂံခေတ်ပေစာအစိတ်အပိုင်းများ၊ ဌာပနာကြုတ်များ၊ မြေအိုးမြေထည်များ၊ စဉ့်အိုးစဉ့်ထည်များနှင့် အုတ်ခွက် အမျိုးမျိုးကိုပြသထားရှိသည်။



ရှေးဟောင်းသုတေသနပြတိုက်တွင်းမှ ရာဇကုမာရကျောက်စာတိုင်



ကန်တော့ပလ္လင်ဘုရားပေါ်မှ တွေ့မြင်ရသော ရှေးဟောင်းသုတေသနပြတိုက်နှင့် မင်္ဂလာစေတီဘုရား

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသော မြေမီးဖုတ်ရုပ်ကြွ သံလျက်ကိုင် ကုမ္ဘာန်ပုံ (ကုမ္ဘဏ္ဍ်မရုပ်သွာက်) ဟူ၍ စာပါသည်





ပုဂံပြတိုက်တွင် ပြသထားသော ဗုဒ္ဓဝင်ရှစ်ခန်းပုံနှင့် ၇၈ ပုံ ထွင်းထု
ထားသော အန္တဂူ ကျောက်ဆစ်ပန်းပုလက်ရာ၊ ၁၉၅၄ ခုနှစ်က
ဉပါလိသိမ် အရှေ့ဘက် ဂူဖျက်ယယ်အတွင်း ရှင်းလင်းရာမှ
ရရှိသည်၊ အေဒီ ၁၁ ရာစု

ပုဂံပြတိုက်အတွင်းပြသထားသော ၁၉၇၅ ခု၊
လျှော်လှုပ်သဖြင့် မြင်းပြဂူဖောင်းရစ်ပိုင်းပြိုကျ
ရာမှ တွေ့ရှိသည် မူလရွှေချကြေးနီဖောင်းကြွ
ဘုရားပုံတော် ( တရားဟောဟန်မုဒြာပုံ )





ပုဂံပြတိုက်တွင် ပြသထားသော ဗုဒ္ဓဝင်ရုပ်ခန်းပါသည့် ကြေးကြာပွင့်
ဖွင့်၍ပိတ်၍ရသည်၊ အေဒီ ၁၁ ရာစု။ ၁၉၅၄ ခုနှစ်က ဥပါလိသိမ်
အရှေ့ဘက် ဂူဖျက်ငယ်အတွင်း ရှင်းလင်းရာမှ ရရှိသည်

ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်းမှ
ကြေးကြာဖူး– ငုံထားဟန်ပုံ၊ အေဒီ ၁၁ ရာစု
ကြေးပန်းတဉ်းလက်ရာ






မင်းနန်သူဘုရားသုံးဆူအတွင်းမှ ကူးယူထားသော မျက်နှာကြက်ပန်းချီလက်ရာ
ပုဂံပြတိုက်တွင် ပြသထားသည်

ပုဂံပြတိုက်အတွင်း ပြသထားသော မြေမီးဖုတ် မာရ်စစ်သည် ကျားယာဉ်စီးဟန်ပုံ (မာရဗလ် ယာန်ကွ္လအ်)





ပုဂံပြတိုက်တွင် ပြသထားသော ကြေးဆင်းတု၊ အေဒီ ၁၂ ရာစု
စောစောပိုင်းလက်ရာ၊ သမ္ဗုဒ္ဓဘုရားအောက်ဆင့်
အရှေ့ဘက်မှခံ တံကဲအလယ် ငှက်ပျောဖူးထိပ်
မြို့ပြင်ရာမှ တွေ့ရှိသည်

ပုဂံမြို့တိုက်တွင် ပြသထားသော ဗုဒ္ဓဆင်းတုတော်
အဖြူရောင် အင္ဂုဂျကျောက်ဖြင့် ထွင်းထုထားသည်၊
အပေါ်မှ နဂါး ၇ ကောင်ကို နက်ပြာရောင်
အင္ဂုဂျကျောက်ဖြင့် ထွင်းထုထားသည်





ရွှေဆံတော်ဘုရားပေါ်မှ ရှုမြင်ရသည့် စိမ်းညို့ညို့ ပုဂံမြင်ကွင်း



လောကမှန်ကင်းဘုရားပေါ်မှ တွေ့ရသည့် ပုဂံရှုခင်းအလှ

ကျွဲနားရှောင်းစေတီ၊ ၁၉၇၅ ခု ငလျှင်ဒဏ်ကြောင့် ကွဲအက်သွားသဖြင့် စဥ့်သုတ်လက်ရာများကိုလည်း မထိခိုက်စေရန် သံချောင်းများဖြင့် အပြင်မှ ပတ်ထားသည်







ပုဂံမြို့အဝင် သရပါတံခါးဝ




ပြန်လည်တူးဖော်ထားသည့်
ပုဂံမြို့ရိုးနှင့် ကျုံး

# ကျေးဇူးတင်ရှိခြင်း

ပုဂံ ဘုရားပုထိုးများ စာမူကို ပြုစုပေးကြသော ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံပြတိုက်မှ သုတေသန အရာရှိ ဦးအောင်ကြိုင် (မင်းဘူး အောင်ကြိုင်)၊ စိစစ် တည်းဖြတ်ပေးသော ဦးသန်းဆွေ (အငြိမ်းစား ဒုတိယ ညွှန်ကြားရေးမှူး)အား လည်းကောင်း၊

ဆေးရောင်စုံ ဓာတ်ပုံများ ရိုက်ကူးပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးလှအေး (ဦးစီးအရာရှိ–ဓာတ်ပုံ)၊ ဦးနီ (ဦးစီးအရာရှိ–ဓာတ်ပုံ၊ အငြိမ်းစား)၊ ဓာတ်ပုံဆရာများ ဖြစ်ကြသော ဦးအောင်တင်၊ ဦးကျော်ဆွေမိုးနှင့် ဦးသက်ဆွေတို့အား လည်းကောင်း၊

ပုဂံ ဘုရားပုထိုးများ စာအုပ် (ပထမတွဲ) ကို ပြင်ဆင် မွမ်းမံပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာတည်း ဦးကျော်ဇေယျနှင့် စာတည်း ဦးကျော်မြင့်တို့အား လည်းကောင်း၊

သေသပ် လှပစွာ ပုံနှိပ်ပေးသော ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ စက်ရုံမှူး ဦးကျော်သူနှင့် အဖွဲ့သားများအား လည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။